# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

## နှစ်နိုင်ငံခရီးသွားကဏ္ဍ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုဗစ် ရောဂါကူးစက်မှုကို အထိုက်အလျောက် ထိန်းချုပ်နိုင်သည့်အချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့သည် ပဏာမနှုတ်ခွန်းဆက်စကားများပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ အပြန်အလှန် ကူညီဆောင်ရွက်မှုများရှိပြီး မြန်မာနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးလှူဒါန်းပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ❐



ယနေ့ သတင်း အညွှန်း

နိုင်ငံတော်အစိုးရ တာဝန်ယူမှု ဆယ်လမြောက်၏ မှတ်တိုင်များ — *ပြည်သူ့အကျိုးပြုတစ်လတာ* — ဆောင်းပါး — စာ - ၈

ပီရူးနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် မိဘမဲ့ဖြစ်ရသည့် ကလေးငယ်ပေါင်း တစ်သိန်းနီးပါးရှိ — နိုင်ငံတကာသတင်း — စာ - ၁၂

မြန်မာ့အလင်း

# အခြေခံစည်းမျဉ်း စည်းကမ်းများ တိကျစွာ လိုက်နာနေထိုင်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရာခိုင်နှုန်းမှာ နေ့စဉ် ၁ ရာခိုင်နှုန်းကျော်ကျော်ခန့်တွင်သာ ရှိနေပြီး ဇန်နဝါရီလ ၇ ရက်နေ့ ည ၈ နာရီအချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုအနေဖြင့် ၅၃၀၀၀၀ ကျော်သာ ရှိနေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကူးစက်ပျံ့နှံ့မှုက လွှမ်းမိုးလျက်ရှိရာ နိုင်ငံပေါင်း ၁၄၀ ကျော်တွင် ပျံ့နှံ့နေပြီး အမေရိကန်နိုင်ငံတွင် ကူးစက်မှုမှာ တစ်နေ့တည်းတွင် ၁ သန်းခန့်ရှိကြောင်း သတင်းများက မိမိတို့ အနေဖြင့်လည်း သတိပြုဖွယ်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြည်ပနိုင်ငံများမှ ပြန်လည် ဝင်ရောက်လာသူအချို့တွင် အိုမီခရွန်ကူးစက်ခံရသူအချို့ ပါရှိနေသည်ကို စစ်ဆေးတွေ့ရှိရပြီး သီးသန့်ခွဲခြားစောင့်ကြည့်မှုများ ပြုလုပ်ထားသည်ဟု သိရသည်။

အိုမီခရွန်မျိုးကွဲသည် ကူးစက်မှုနှုန်း လွန်စွာ မြန်ဆန်မြင့်မားသော်လည်း ရောဂါပြင်းထန်မှု နည်းပါးခြင်းကြောင့် အလွန်အမင်း စိုးရိမ်ပူပန်ရန်မလိုကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထားပြီး ရောဂါဖြစ်ပွားမှုကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။ အလွန်အမင်းစိုးရိမ်ပူပန်ရန်မလိုဟုဆိုရာတွင် မေ့လျော့ပေါ့ဆမှုမပြုရန်လည်း ဂရုပြုကြရမည်ဖြစ်သည်။ အိုမီခရွန်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းကိုဗစ်-၁၉ ရောဂါ မျိုးဗီဇအသစ်ကြောင့် အသက်ဆုံးရှုံးမှုစုစုပေါင်း ၁၀၀ ကျော်ရှိနေသည့်အချက်က မပေါ့ဆရန် သတိပေးနေခြင်းပင် ဖြစ်သည်။ ကပ်ရောဂါတစ်ခု ကူးစက်ပျံ့နှံ့မှုကာလ ရှည်ကြာသည်နှင့်အမျှ နောက်ထပ် နောက်ထပ် မျိုးကွဲသစ်များ ပေါ်ပေါက်လာခြင်းနှင့် အတူရောဂါလက္ခဏာများ ကွဲပြားလာခြင်း၊ လက်ရှိကာကွယ်ဆေးများ၏ ထိရောက်မှုအာနိသင်များ လျော့နည်းလာခြင်း၊ ကုထုံးများ ပြောင်းလဲရခြင်း စသည့် ပြဿနာအသစ်များလည်း ထပ်မံပေါ်ပေါက်လာလေ့ရှိကြောင်း ကျန်းမာရေးပညာရှင်များက ပြောကြားလျက်ရှိရာ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် အရေးကြီးသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ဒယ်လ်တာ ကူးစက်ပျံ့နှံ့ခဲ့သည့် တတိယလှိုင်းကာလအစပိုင်းတွင် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းကျရောက်မှုပမာဏ ကြီးမားစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာမှ အရာရှိ၊ အကြပ်စစ်သည်များ၊ လူမှုကူညီရေးပရဟိတအဖွဲ့အစည်းများ၊ ပြည်သူများ၏ တစ်တပ်တစ်အား စုစည်းမှု စွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းကာ အောင်မြင်မှုလည်း ရရှိခဲ့ကြသည်။ ယင်းအတွေ့အကြုံများက နောက်ထပ်ကြုံတွေ့လာရမည့် ကပ်ရောဂါလှိုင်းများအတွက် တန်ဖိုးရှိလှစွာသော သင်ခန်းစာများပင် ဖြစ်ရာ ရောဂါကူးစက်မှု ဟန့်တားထိန်းချုပ်ရေးတွင် လူတိုင်း ကိုယ်စီပါဝင်ခြင်းဖြင့် အိုမီခရွန်ကိုလည်း ကာကွယ်နိုင်မည်မှာ မုချပင်ဟု ယုံကြည်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် လူစုလူဝေးကို ရှောင်ခြင်း၊ ပါးစပ် နှာခေါင်းစည်း တပ်ဆင်ခြင်း၊ မကြာမကြာ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာနေခြင်းဟူသော အခြေခံစည်းမျဉ်းများက နောက်ထပ်မျိုးဗီဇကွဲများ မည်မျှပေါ်ပေါက်လာစေကာမူ တားဆီးကာကွယ်နိုင်သည့် အလေ့အကျင့်များပင် ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သော သတင်းအချက်အလက်များ၊ အသိပေးနှိုးဆော်တိုက်တွန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ခြင်းအားဖြင့် ကမ္ဘာမြေပေါ်တွင် ကြာရှည်စွာ ရှိနေဦးမည်ဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါမှ လွတ်ကင်းကာ ကျန်းမာခြင်းနှင့် ပြည့်စုံသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ ကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပြီး အဆွေတော် ကျန်းမာရွှင်လန်း ပါစေကြောင်းနှင့်မြန်မာပြည်သူများ တိုးတက်သာယာဝပြောပါစေ ကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်က ရန်ကုန်ဆိပ်ကမ်းများမှ Stetho-scope ၃၀၀၊ Commode Chair ၂၄၈၁ ခု၊ Walker (HOSPITAL USE) ၃၂ ခု၊ ဆေးဝါးမျိုးစုံ ၅၄ မျိုး စုစုပေါင်း ၄၉၉၂၅ ဒသမ ၀၈ kg ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမကဏ္ဍမှ ပြောင်းချဉ်ဖတ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားနှင့် လယ်ဝေး မြို့နယ်များရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြောင်းချဉ်ဖတ်ထုတ်လုပ်ရောင်းချမည့်ကိစ္စများ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က နေပြည်တော်ကောင်စီ သမဝါယမဦးစီးဌာန၌ ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့ဝင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြောင်းချဉ်ဖတ်ကို ကျွေးမွေးခြင်းဖြင့် ခိုင်းနွား၊ နို့စားနွား စသည့် မည်သည့်နွားမျိုးပင်မဆို အာဟာရတိုးတက်မှုနှုန်း ၁၂ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ တိုးတက်မည်ဖြစ်ကြောင်း၊ ပြောင်းချဉ်ဖတ်ကို ကောင်းမွန်သော ထုပ်ပိုးမှုစနစ်များဖြင့် ဆောင်ရွက်ပါက နှစ်နှစ်မှ သုံးနှစ်ထိ တာရှည်အထားခံ အသုံးပြုနိုင်ကြောင်း၊ အရည်တည်ခါစ ပြောင်းဖူးနုများကို ချဉ်ဖတ်ပြုလုပ်၍ ကျွေးမွေးပါက နို့ထွက်အားကောင်းပြီး နို့ထွက်ကာလရှည်ကြာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ပို၍အရည်အသွေး ကောင်းမွန်သောအာဟာရများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မွေးမြူရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေး၍ ဈေးကွက်ရရှိနိုင်မှုအခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ပြောင်းချဉ်ဖတ်ထုတ်လုပ် ဆောင်ရွက်မည့်နေရာများ၊ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် သူဌေးကုန်း ဘက်စုံဖွံ့ဖြိုးရေးခြံနှင့် ပြောင်းစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

## လူဦးရေ ၄၀၀၀ ခန့်သာရှိတော့သည့် ထနော့တိုင်းရင်းသားတို့နေထိုင်ရာဒေသအတွက် လူမှုဘဝမြှင့်တင်ပေး

**အောင်ပန်း ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ တောင်ပို့လှကျေးရွာ၌ လူဦးရေစုစုပေါင်း ၄၀၀၀ ခန့်သာ ရှိတော့သော ထနော့ တိုင်းရင်းသားမျိုးနွယ်စု နေထိုင်လျက်ရှိသည်။ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနကဦးစီး၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းသက်မွေး ပညာသင်ကျောင်း (ရွှာငံ)တို့ ပူးပေါင်း၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စစ်တမ်းရလဒ်များကို အခြေခံကာ အိမ်တွင်းမှုသင်တန်းများပေးအပ်ရန် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ရှမ်းပြည်နယ်အတွင်း အဆိုပါကျေးရွာအတွက် အခြေခံစက်ချုပ်ပညာသင်တန်းကို တစ်လတာ ဖွင့်လှစ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ အခြေခံစက်ချုပ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀နာရီတွင် ကျင်းပရာ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ သင်ထောက်ကူ ပစ္စည်းများ ပေးအပ်ခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က သင်တန်း ဖွင့်လှစ်ရခြင်း အကြောင်းရင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာများ တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် ဖေဖော်ဝါရီ ၅ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

**သွန်း**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုး၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ အာဆီယံ ဘုံသဘောတူညီချက် (၅)ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mr. PRAK Sokhonn ၊ ဝါရင့်ဝန်ကြီး၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး H.E. Mr. CHAM Prasidh ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး H.E. Mr. SOK Chenda Sophea ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) Lt. Gen. Hun Maneth တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**❖ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခြေအနေ၊ အာဆီယံ ဘုံသဘောတူညီချက် (၅)ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုအခြေအနေ အမြင်ချင်းဖလှယ်ဆွေးနွေး**

❒ ရွှေဖုံးမှ

မိမိတို့နိုင်ငံ သို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကိုလည်း ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံမှ ရဟန်းတော်များနှင့် သီလရှင်များ၊ ကမ္ဘောဒီးယားနိုင်ငံသားများကိုလည်း လိုအပ်သည့်အကူအညီများ ကူညီဆောင်ရွက်ပေးရန်အတွက် ပြောကြားလိုကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အခွန်ကောက်ခံမှုများ လျှော့ချနိုင်ရေး အမြန်ဆုံးသဘောတူညီမှုရရှိလိုပါကြောင်း၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း စီမံချက်အသစ်ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပုဂံဒေသနှင့် ဆီယံရိဒေသအကြား ခရီးသွားမိတ်ဖက်မြို့အဖြစ် သတ်မှတ်ဆောင်ရွက်မှုအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့်အချိန်တွင် လေကြောင်းလိုင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အခွန်ကောက်ခံမှုများ လျှော့ချနိုင်ရေး အမြန်ဆုံးသဘောတူညီမှုရရှိလိုပါကြောင်း၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း စီမံချက်အသစ်ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပုဂံဒေသနှင့် ဆီယံရိဒေသအကြား ခရီးသွားမိတ်ဖက်မြို့အဖြစ် သတ်မှတ်ဆောင်ရွက်မှုအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့်အချိန်တွင် လေကြောင်းလိုင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လိုကြောင်း။**

**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN**

**ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံမျက်နှာစာတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘောဆောင် ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အကျဉ်းသား ၄၈၀၀၀ ကျော်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီးဖြစ်ပြီး သင့်လျော်သည့်အချိန်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးအတွက် အဆွေတော်၏ စိတ်ဓာတ်ပြင်းပြမှုနှင့် ကြိုးပမ်းဆောင်ရွက်လိုမှုများအပေါ် မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**

### ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်သွားမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် နှစ်ဦးကာလတွင် အဆွေတော်၏ ချစ်ကြည်ရေးခရီးလာရောက်မှုမှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မာစေပါကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် နားလည်မှုသဘောတူညီချက် လက်မှတ်ရေးထိုးမှုကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် အခွင့်အခါသင့်ပါက နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ဆွေးနွေးမှုများ ပြုလုပ်စေလိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအတွင်း ကိုဗစ် – ၁၉ ထိန်းချုပ်နိုင်မှုနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုံးနှစ်စီမံချက်ဖြင့် ဆောင်ရွက်နိုင်ခဲ့မှုများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် အခွန်နှစ်ထပ်ကောက်ခံမှုလျှော့ချနိုင်ရေး သဘောတူလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခရီးသွားကဏ္ဍ တိုးမြှင့်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုဗစ် ရောဂါကူးစက်မှုကို အထိုက်အလျောက် ထိန်းချုပ်နိုင်သည့်အချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကာ ကမ္ဘောဒီးယားနိုင်ငံနှင့် လေကြောင်းသွားလာမှုအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ရည်ရွယ်ထားပြီးဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ကမ္ဘောဒီးယားဘုန်းတော်ကြီးနှင့် သီလရှင် ၂၄၉ ပါးကို ၁၉၉၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပညာသင်ကြားခွင့်ပေးအပ်နိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ–ကမ္ဘောဒီးယားဘုန်းတော်ကြီးကျောင်းကိုလည်း ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ပြီးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ဗုဒ္ဓဘာသာတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ကမ္ဘောဒီးယားဘုန်းတော်ကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို အပ်နှင်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၂၂ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူလက်မှတ်ရေးထိုးထားမှုကို သက်တမ်းတိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအနေဖြင့် စည်းလုံးမှုရှိရန်လိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံမျက်နှာစာတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘောဆောင် ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အကျဉ်းသား ၄၈၀၀၀ ကျော်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီးဖြစ်ပြီး သင့်လျော်သည့်အချိန်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးအတွက် အဆွေတော်၏ စိတ်ဓာတ်ပြင်းပြမှုနှင့် ကြိုးပမ်းဆောင်ရွက်လိုမှုများအပေါ် မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ အဆွေတော်၏ အထူးကိုယ်စားလှယ်မှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည့်အပေါ် မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ ယနေ့ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် နှစ်နိုင်ငံနှင့် ဒေသတွင်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးနိုင်ခဲ့မှုအပေါ် ကျေနပ်မိပါကြောင်း ပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးဝင်းရှိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mr. PRAK Sokhonn ၊ ဝါရင့်ဝန်ကြီး၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး H.E. Mr. CHAM Prasidh ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး H.E. Mr. SOK Chenda Sophea၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးများဖြစ်ကြသည့် H.E. Mr. SRY Thamarong နှင့် H.E. Dr. KAO Kim Hourn၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် H.E. Dr. SOEUNG Rathchavy နှင့် H.E. Mrs. EAT Sophea ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) Lt. Gen. Hun Maneth ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHHOUK Bunna နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၂ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၁၃၄ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခရီးစဉ် ပူးတွဲသတင်းထုတ်ပြန်ချက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ - ၈ ရက် )

- ❒ **နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာပြည်သူများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများပေးအပ်ရာတွင် အမှန်တကယ် လိုအပ်သူများထံသို့ရောက်ရှိရန် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AHA စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသို့ AHA စင်တာမှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကဲ့သို့သော သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ် ကျင်းပရေးအတွက် အားပေးသွားမည်**
- ❒ **အမှန်တကယ်လိုအပ်လျက်ရှိသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ခွဲခြားမှုမရှိဘဲ ပေးအပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်ရေးအတွက် သင့်လျော်သည့် ယန္တရားများနှင့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်းနှင့် လူ့အသက်ကယ်ဆယ်ရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် မှ ၈ ရက်အထိ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည်။

**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်** Samdech Akka Moha Sena Padei Techo HUN SEN သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းဆိုင်ရာ အကျိုးတူကိစ္စရပ်များနှင့် အလေးပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်ဖက်ခေါင်းဆောင်များသည် သက်ဆိုင်ရာနိုင်ငံများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO)များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးဖြစ်ပြီး ၂၀၂၂ နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန်လည်း အသိပေးခဲ့သည်။ ဆက်လက်၍ သက်ဆိုင်သူများအားလုံးအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုလျက် အပစ်အခတ်ရပ်စဲမှုကို လက်ခံရန်၊ အကြမ်းဖက်လုပ်ရပ်များအားလုံးကို အဆုံးသတ်ရန်နှင့် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကလည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ရရှိရန် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရေးနှင့် တင်းမာမှုများ လျှော့ချရေးတို့ကို ရည်ရွယ်သည့် ယင်းတောင်းဆိုခဲ့မှုအပေါ် ခိုင်မာစွာထောက်ခံခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်၏ ပါဝင်မှုကို ကြိုဆိုခဲ့သည်။ အဆိုပါ အရေးကြီးသည့် လုပ်ဆောင်ချက်သည် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်တွင် ထည့်သွင်းဖော်ပြထားသော အချက်ဖြစ်သည်။

နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာပြည်သူများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများပေးအပ်ရာတွင် အမှန်တကယ် လိုအပ်သူများထံသို့ ရောက်ရှိရန် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AHA စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသို့ AHA စင်တာမှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကဲ့သို့သော သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ် ကျင်းပရေးအတွက် အားပေးသွားမည်ဖြစ်သည်။ အမှန်တကယ်လိုအပ်လျက်ရှိသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ခွဲခြားမှုမရှိဘဲ ပေးအပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်ရေးအတွက် သင့်လျော်သည့် ယန္တရားများနှင့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်းနှင့် လူ့အသက်ကယ်ဆယ်ရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. PRAK Sokhonn အား အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့်အပေါ် ကြိုဆိုကြောင်းနှင့် ၎င်းအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံတူညီဆန္ဒ (၅)ချက်ကို အကောင်အထည်ဖော်နိုင်ရေးကို အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံ တူညီဆန္ဒ(၅)ချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန် အထောက်အကူပြုသင့်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်ဦးနှစ်ဖက် အကျိုးရှိသောမူဝါဒကို ရှင်းလင်းမျှဝေခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သော အတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ် အခြေခံ၍ သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် သဘောတူညီမှုမပါရှိဘဲ အလုံးစုံငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း အလေးထား ပြောကြားခဲ့သည်။ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း အာဆီယံအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကို ပံ့ပိုးပေးရန်နှင့် လက်ရှိပြည်တွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံနိုင်ရေး ပြောကြားခဲ့သည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်း ဖြစ်ပေါ်နေသည့်ကာလတွင် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်စေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် နှာခေါင်းစည်း (၃,၂၀၀,၀၀၀)၊ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ အစုံ (၃၀,၀၀၀)၊ အသက်ရှူအထောက်အကူပြုစက် အလုံး (၅၀)၊ လူနာစောင့်ကြည့်စက် အလုံး (၅၀) နှင့် ဆက်စပ်ပစ္စည်းများ၊ အောက်ဆီဂျင်စက် အလုံး (၅၀) နှင့် အခြားသောဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများ လှူဒါန်းခဲ့မှုအပေါ် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲအား အပြန်အလှန်နားလည်မှုနှင့် ရင်းနှီးပွင့်လင်းမှုတို့ကို အခြေခံ၍ ဆွေးနွေးကျင်းပခဲ့သည်။

နေပြည်တော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ရက်

## တောင်ငူတပ်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေး



**နေပြည်တော် ဇန်နဝါရီ ၇**

တောင်ငူတပ်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေးခြင်း ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်ဆေးရုံမှ ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကိုယ်ဝန်ဆောင်မိခင် ခုနစ်ဦးနှင့် ကလေးငယ် ၄၁ ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံ တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးကိုကို၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ ဒေါက်တာ ဌေးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် H. E. Mr. PRAK Sokhonn ၊ ဝါရင့်ဝန်ကြီး၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး H.E. Mr. CHAM Prasidh ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး H.E. Mr. SOK Chenda Sophea၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးများ ဖြစ်ကြသည့် H.E. Mr. SRY Thamarong နှင့် H.E. Dr. KAO Kim Hourn ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် H.E. Dr. SOEUNG Rathchavyနှင့် H.E. Mrs. EAT Sophea ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) Lt. Gen. Hun Maneth၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHHOUK Bunna နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို ပေးအပ်စဉ်။

ဦးစွာနိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်အား ကြိုဆိုနှုတ်ဆက်ပြီး ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။

ညစာစားပွဲ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့သည် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် တီးမှုတ် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ အလုပ်သဘောခရီးရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် အလုပ်သဘော ခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHHOUK Bunna တို့က အထူးလေယာဉ်ပေါ်၌ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုစဉ်။




ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ကမ္ဘောဒီးယားဝန်ကြီးချုပ်က လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လက်ခံရယူခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ယနေ့တွင် ကိုဗစ် –၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးပစ္စည်းများ ဖြစ်သည့် Face Mask သုံးသန်း၊ N– 95 Mask နှစ်သိန်း၊ Goggle တစ်သိန်း၊ PPE ဝတ်စုံ ၃၀၀၀၀၊ Face Shield ၃၀၀၀၀၊ Safety Plastic Boots PR ၃၀၀၀၊ Ventilator Machine Unit ၅၀၊ Patient Monitor + accessories Unit ၅၀၊ Oxygen Concentrator Unit ၅၀ တို့ကို ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က လွှဲပြောင်းပေးအပ်သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လက်ခံရယူစဉ်။

---

❖ *ကျောဖုံးမှ*

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစား ပြိုင်ပွဲများ ကျင်းပရခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြှင့်တင်ရေး၊ ဒေသအသီးသီးရှိ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် မျိုးဆက်သစ်ရှက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား အမျိုးသမီးငယ်များ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ အရည်အချင်းပြည့်ဝသည့် အမျိုးသမီးဘောလုံး အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်၊ မြန်မာ့အမျိုးသမီး ဘောလုံးလောက အဆင့်အတန်း တိုးတက်မြင့်မား လာစေရန်အတွက် သွေးသစ် လောင်းနိုင်မည့် မျိုးဆက်သစ်အမျိုးသမီး ဘောလုံးအားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်စသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံး အားကစား အဆင့်အတန်း တိုးတက်မြင့်မား လာစေရန် ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့် အချိန်တွင် ယနေ့ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲသည် သာမန် အားကစားပြိုင်ပွဲ တစ်ရပ်မဟုတ်ဘဲ နိုင်ငံတကာအလယ်တွင် ဘောလုံးအားကစားနည်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်စေရန် အထောက်အကူ ဖြစ်စေမည့် ပြိုင်ပွဲတစ်ရပ်အဖြစ် မှတ်ယူပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားသမားများ အနေဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်သွားကြရန် ပြောကြားလိုပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးအသင်းသည် ကြေးတံဆိပ်ဆုရရှိခဲ့ကြောင်း၊ လက်ရှိတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာရှဖလားအမျိုးသမီး ပြိုင်ပွဲအတွက် ခြေစစ်ပွဲများ အောင်မြင်ထားပြီး နောက်ဆုံး အဆင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားပါကြောင်း၊ ထို့ပြင် အသင်း၏အောင်မြင်မှုနှင့်အတူ မြန်မာ့လက်ရွေးစင်အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယနိုင်ငံထိပ်တန်း အမျိုးသမီးဘောလုံးအသင်းတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီး Professional ဘောလုံးသမားအနေဖြင့် သွားရောက်ခြေစွမ်းပြ ကစားနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးဘောလုံး အားကစားသမားများအနေဖြင့် ကြိုးစားလျှင် ကြိုးစားသလို အခွင့်အလမ်းများ ရရှိလာနေပြီဖြစ်သည့်အတွက် ယခုကတည်းက အားကြိုးမာန်တက် ကြိုးစားသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘောလုံး ဝါသနာရှင်ပြည်သူများသည်ပထမပွဲစဉ်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၃ သင်းဖြင့် ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးဝါသနာရှင်များ အနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ဆယ်လမြောက်၏ မှတ်တိုင်များ

ကနောင်

*(ယမန်နေ့မှ အဆက်)*

(၃၂)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်ကလည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ နိုဝင်ဘာ ၂၅ ရက်ကလည်းကောင်း အခမ်းအနားများနှင့် အွန်လိုင်းစနစ်များဖြင့် ကျင်းပနိုင်ခဲ့သည်။

စက်မှုလုပ်ငန်းများတိုးတက်မြင့်မားစေရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မှော်ဘီမြို့နယ်ရှိ မြေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ၊ New Generation Industry Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ်(၃) ပလတ်စတစ်စက်ရုံ၊ သာယာဝတီမြို့ရှိ အမှတ်(၃) အကြီးစား စက်ရုံ (သာယာဝတီ)၊ ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံရှိ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)စသည်တို့တွင် စက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစွာလည်ပတ်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော တိုက်ကြီးမြို့နယ်အတွင်း ကျေးလက်ချင်းဆက်လမ်း ကွန်ကရစ်ခင်းပြီးစီးမှု၊ လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း ဆောင်ရွက်မှု၊ ရန်ကုန် - ပြည်လမ်းပိုင်း မှော်ဘီမြို့အတွင်း မြေအောက်အနက် ၁၀ ပေတူး ၍ ၅ ပေအချင်းရှိရေပိုက်လိုင်း သွယ်တန်းထားရှိမှု၊ ရန်ကုန်မြောက်ပိုင်းခရိုင် လမ်းဦးစီးဌာနမှ အမှတ် (၄) လမ်းမကြီး ပြုပြင်ထိန်းသိမ်းမှု၊ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော်) အပိုင်းလမ်းဘေးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စက်ယန္တရားများဖြင့် မြေညှိခြင်းနှင့် ချုံနွယ်များ ရှင်းလင်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။




၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး သုံးသန်း doses အနက် တတိယအသုတ်တစ်သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

## ပြည်သူများကျန်းမာရေးအတွက် ဆောင်ရွက်ချက်

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာလကုန်အထိ လူဦးရေ စုစုပေါင်း ၁၆၈၄၉၁၇၂ ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၁၈၅၈၅၉၈ ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄၉၉၀၅၇၄ ဦးရှိပြီဖြစ်ပါသည်။ နိုဝင်ဘာ ၃၀ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၂၈၇၀၇၇၇၀ ကြိမ်ထိုးနှံပြီးဖြစ်ပါသည်။ ကိုဗစ် – ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများတွင် နိုဝင်ဘာ ၃၀ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၆၀၅၇၄၇ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၅၂၂၈၂၅ ဦးရှိပြီ ဖြစ်ပါသည်။ ဆေးရုံဆင်းခွင့်ရရှိသူ ၈၀၁ ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း ၄၉၈၀၅၀ ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် နိုဝင်ဘာလကုန်အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၁၁ ဦးရှိခဲ့သည်။

ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက် ဖြစ်ပွားမှုမြင့်မားခဲ့သော မြို့နယ် ၁၁၉ မြို့နယ်အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား Stay at home မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် ၁၁ မြို့နယ်သာ ကျန်ရှိတော့သည်ကို နိုဝင်ဘာ ၃၀ ရက်က တွေ့ရှိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဆောင်ရွက်ပေးထားသည်ကိုလည်း မြင်တွေ့ရသည်။

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်- ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိသည်ကိုလည်း သိရှိရသည်။

○ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဆောင်ရွက်ပေးထား**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)၌ နိုဝင်ဘာ ၃၀ ရက်က Video Conference စနစ်ဖြင့် ကျင်းပသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကို အတိုင်းအတာတစ်ခုအထိ ကောင်းစွာထိန်းချုပ်ထားနိုင်ပြီဖြစ်သော်လည်း စိုးရိမ်ဖွယ်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားနိုင်သည့် မျိုးဗီဇပြောင်း ကိုဗစ်– ၁၉ ရောဂါပိုး (Variants of Concern) အုပ်စုတွင် နိုဝင်ဘာ ၂၆ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထပ်မံ၍ ထည့်သွင်းခဲ့သည့် အိုမီခရွန် (Omicron) မျိုးဗီဇပြောင်း ရောဂါပိုးအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာ ကူးစက်ပြန့်ပွားမှုများကို တွေ့ရှိနေရကြောင်းနှင့် ပြည်သူများ ကာကွယ်ဆေးလွှမ်းခြုံမှုများ ကောင်းမွန်စွာ လိုက်နာစေရေး၊ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့်အတူ အလေးထား၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးတို့အတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

## စီးပွားရေးဆောင်ရွက်ချက်များ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောင်းချပေးလျက်ရှိပြီး နိုဝင်ဘာလအတွင်း ဆက်လက် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုဝင်ဘာ ၃ ရက်ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စေရေးအတွက် ငွေသားဖြင့် ငွေပေးချေမှုတွင် ကျပ်သိန်း ၂၀၀ ထက် မပိုစေရဘဲ ထိုပမာဏထက်ကျော်လွန်သည့် မည်သည့်ငွေပေးချေမှုများအတွက်မဆို ဘဏ်စနစ်အသုံးပြု၍ ဒစ်ဂျစ်တယ်ငွေပေးချေမှုနည်းလမ်းများကိုသာ အသုံးပြုရန် ထုတ်ပြန်ကြော်ငြာခဲ့သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေး စည်းကမ်းချက်များနှင့်အညီ ချောင်းသာနှင့် ငွေဆောင် ကမ်းခြေများ ခရီးသွားရာသီဖွင့်ပွဲကို နိုဝင်ဘာလ ၁၅ ရက်က ကျင်းပခဲ့သည်။ ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ကိုလည်း နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

ကိုဗစ်– ၁၉ ရောဂါကြောင့် မြန်မာ–တရုတ်နယ်စပ်မှကုန်ပစ္စည်းများ တင်ပို့/တင်သွင်းနေခြင်းကို မူဆယ် (မန်ဝိန်းဂိတ်)၊ ကျင်စန်းကျော့ဂိတ်နှင့် ကြံ့ကုတ်–ပန်ဆိုင်းဂိတ်တို့ကို ၂၀၂၁ ခုနှစ် ဧပြီနှင့် ဇူလိုင်လများတွင် ယာယီရပ်ဆိုင်းထားခဲ့ရာ ယခုအခါ ကျင်စန်းကျော့ဂိတ်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့အား နိုဝင်ဘာ ၂၆ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုလွယ်ကူလာစေပြီဖြစ်ပါသည်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် မြန်မာ့ထုတ်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြည်ပနိုင်ငံ ၁၃ နိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာ စီးပွားရေးသံမှူးများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့ နိုဝင်ဘာ ၂၃ ရက်က တွေ့ဆုံခဲ့သည်။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် အားသာချက်၊ အားနည်းချက်၊ ဈေးကွက်ရရှိမှု အခြေအနေ၊ ဈေးကွက်အသစ်များ ဖော်ထုတ်ရရှိရေး၊ ကုန်ပစ္စည်းအရည်အသွေး၊ အစားအစာလုံခြုံဘေးကင်းစိတ်ချရေးတို့အတွက် သက်ဆိုင်ရာ နိုင်ငံများ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးနေသည်ကိုလည်း မြင်တွေ့ရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ စားအုန်းဆီများကို နိုဝင်ဘာ ၉ ရက်မှ စတင်ပြီး တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးရှိ လက်လီ/လက်ကား ရောင်းချသူများသို့ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၄၂၄၀ဖြင့် နေ့စဉ် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိရာ စားအုန်းဆီ တန်ချိန် ၉၀၆၂ ဒသမ ၀၅ တန်၊ ပိဿာ ၅၅၄၅၉၈၀ ရောင်းချခဲ့ပြီးဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်က သိရှိရသည်။

## ဘာသာရေးနှင့်လူမှုဘဝမြှင့်တင်ရေး ဆောင်ရွက်ချက်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ (၂၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ ထို့နောက် ဘွဲ့ခံရဟန်းတော်များက ဘွဲ့များအသီးသီးလက်ခံရယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး၏ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၃၈ ပါး စုစုပေါင်း ၁၅၆ပါးတို့ကို အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမ အစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေး အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။ ယင်းနောက် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာတို့ကို သက်ဆိုင်ရာ တာဝန်ကျအဖွဲ့ ဆရာတော်များက တင်သွင်းလျှောက်ထားခြင်း၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားခြင်းများကို ပြုလုပ်ခဲ့ပြီး တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြကြောင်း သိရှိရသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝတ်ရွတ်အဖွဲ့ဖြင့် အသံမစဲ မဟာပဋ္ဌာန်းကျမ်း ငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို နိုဝင်ဘာ ၂၉ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍သစ္စာပြုဆုတောင်း ရွတ်ဖတ်ပူဇော် အမျှဝေခဲ့သည်။ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစေရန်နှင့် ကပ်ကြီးသုံးပါးဘေးမှ လွတ်မြောက်စေရန် စိတ်စေတနာ ရည်သန်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) ဝတ်ရွတ်အဖွဲ့မှ နိုဝင်ဘာ ၁၉ ရက်မှစ၍ ၁၁ ရက်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနသည် ကိုဗစ်–၁၉ ကာလ ပိတ်ထားရသည့် အမျိုးသား စာကြည့်တိုက် (နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တို့အား နိုဝင်ဘာ ၁ ရက်မှစတင်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများ၊ Standard Operating Procedure (SOP)နှင့်အညီ ပြတိုက်များကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးအပ်လျက်ရှိသည်။ စာကြည့်တိုက်ဝန်ဆောင်မှုတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) www.nlmnpt.gov.mm နှင့် အမျိုးသား စာကြည့်တိုက် (ရန်ကုန်) www.nlm.gov.mm တို့တွင် Digital စာအုပ်၊ စာနယ်ဇင်း၊ ပေစာ၊ ပုရပိုက်စာ၊ သမိုင်းနှင့် ရှေးဟောင်းသုတေသနစာစုများ၊ အစိုးရထုတ်စာအုပ်များ၊ အာဆီယံစာစုများ၊ ကမ္ဘာ့ကုလသမဂ္ဂစာစုများ၊ ရှားပါးစာစုများ၊ မြန်မာနိုင်ငံအကြောင်းဆိုင်ရာ အင်္ဂလိပ်စာအုပ်များ၊ သုတေသနစာတမ်းများ၊ မြန်မာနိုင်ငံပြန်တမ်းများစသည့် e–Resources များကို ဝင်ရောက် ရှာဖွေဖတ်ရှုနိုင်ပြီဖြစ်ပါသည်။

ကိုဗစ်– ၁၉ ကြောင့် ဂျပန်နိုင်ငံတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံသားများနှင့် မိသားစုများအတွက် ၄၁ ကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်မှာ နိုဝင်ဘာ ၂၅ ရက်တွင် ဆိုက်ရောက်လာခဲ့သည်။ မလေးရှားနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား နိုဝင်ဘာ ၂၂ ၊ ၂၄ နှင့် ၂၅ ရက်တို့တွင် ကယ်ဆယ်ရေးခရီးစဉ်များဖြင့် မြန်မာနိုင်ငံသား ၄၉၇ ဦးတို့ကို ခေါ်ဆောင်လာခဲ့ပြီဖြစ်ပြီး ပြန်လည်ခေါ်ယူပေးမှု အကြိမ်ရေအားဖြင့် ၁၇၀ ခန့် ရှိပြီဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများအား နိုဝင်ဘာ ၂၉ ရက်က အကြိမ် ၈၀ မြောက် ကယ်ဆယ်ရေးယာဉ်ဖြင့် မြန်မာ အမျိုးသား လေကြောင်းလိုင်းမှ ပြည်လည်ခေါ်ယူနိုင်ခဲ့ရာ နိုင်ငံသား ၁၀၅ ဦး ပြန်လည်ရောက်ရှိလာခဲ့သည်။

ဂျော်ဒန်နိုင်ငံမှ နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသား ခြောက်ဦးတို့မှာလည်း နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်–အာမန်–ရန်ကုန် မြန်မာ့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ မြန်မာသံရုံး ဆိုးလ်မြို့မှလည်း တစ်ပတ်လျှင်တစ်ကြိမ် ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲနိုင်ရေး စီစဉ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ၈၄ ကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ် ပျံသန်းပြေးဆွဲခဲ့ပြီး နိုင်ငံသား ၄၈ ဦးနှင့် အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသည်များပါဝင်လျက် စုစုပေါင်း ၇၅ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)မှ ကြီးမှူးကျင်းပသည့် (၁၀၁) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိ ဗိမာန်တော်၌ ကျင်းပသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန် နာယကကြီး၊ သတိုးသီရိ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ မဟာသရေစည်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သော သဝဏ်လွှာအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာအောင်မင်းကျော်သူက ဖတ်ကြားပြီး အသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းက အမျိုးသားအောင်ပွဲနေ့ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ကို ထမ်းဆောင်သည့် ဆယ်လပြည့်မြောက်သည့် နိုဝင်ဘာလအတွင်း ပြည်သူ့အတွက်လုပ်ဆောင်ချက်များကား ယခုထက်ပို၍များပြားစွာ ရှိနေပါသေးသည်။ လာမည့်ကာလများတွင်လည်း အစိုးရနှင့် ပြည်သူ တွဲလက်ညီစွာဖြင့် မည်သည့် စိန်ခေါ်မှုမျိုးကိုမဆို ကျော်ဖြတ်အနိုင်ယူရင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းသွားကြရမည်သာဖြစ်ပါတော့သည်။ ။



၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၂ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရန် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးကြပါစို့ ဆောင်ပုဒ်နှင့်အညီ အခြေခံပညာ ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား အမှတ် (၁) နှင့် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်–၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးစဉ်။




၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၆ ရက်က မူဆယ် (ကျင်စန်းကျော့ဂိတ်)မှ တရုတ်နိုင်ငံဘက်သို့ ပို့ဆောင်မည့် ကွန်တိန်နာယာဉ်များပေါ်သို့ ကုန်ပစ္စည်းများ တင်ဆောင်နေမှုကို တွေ့ရစဉ်။

## ပူးပေါင်းဆောင်ရွက်ကြပါစို့

၂၀၂၂ ခုနှစ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

"ညီညာမှပြည်သာမည်" စကားကို လက်ကိုင်ထားပြီး ကျွန်တော်တို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း တိုင်းရင်းသား မိဘပြည်သူ အားလုံး နှစ်သစ်ကစလို့ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ထပ်မံဆုတောင်းအပ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

# လူငယ်နှင့် စာပေပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၇

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော် အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စိန်ရတုပြည်ထောင်စုနေ့အကြို လူငယ်နှင့် စာပေပွဲတော် အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အတွင်းရေးမှူးနှင့်ကော်မတီ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### လူငယ်နှင့် စာပေပွဲတော်ဟု အမည်ပေး

ရှေးဦးစွာ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်စာပေပွဲတော် အခမ်းအနားများ ကျင်းပခဲ့သည့်အစဉ်အလာရှိသည်နှင့်အညီ ယခုနှစ်တွင်လည်း စာပေပွဲတော်တစ်ခုကို ကျင်းပမည်ဖြစ်ပါကြောင်း၊ ယခုနှစ် ကျင်းပမည့် စာပေပွဲတော်အား လူငယ်များ၏ အခန်းကဏ္ဍကို ဦးစားပေးသည့်အနေဖြင့် လူငယ်နှင့် စာပေပွဲတော်ဟု အမည်ပေးထားပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က လူငယ်များအား အလေးထားပါကြောင်း၊ လူငယ်နှင့် စာပေပွဲတော် အခမ်းအနားသို့ တက်ရောက်လာသည့် လူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ဖြစ်ပေါ်လာစေရေးအတွက် အစီအစဉ်များ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ လူငယ်နှင့် စာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် လူငယ်နှင့် စာပေပွဲတော်ကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းလည်း ဖြစ်ပါကြောင်း။

ပွဲတော်ကျင်းပရာတွင် မိမိတို့ ဝန်ကြီးဌာနက စာပေနှင့် ပတ်သက်၍ စာအုပ် စာစောင်များ ခင်းကျင်းပြသခြင်း၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်၍ စာအုပ်၊ စာစောင်များ ရောင်းချခြင်း၊ စာရေးဆရာကြီးများ၏ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ ကလေးစာဖတ်ခန်း ဖွင့်လှစ်ပေးခြင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်း၊ သမိုင်းဝင်စာချုပ်စာတမ်းများ၊ မှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ အားကစားလှုပ်ရှားမှုပြခန်း၊ ကာတွန်းဓာတ်ပုံ ပြခန်းပြသခြင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းများ ပြသခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထူးထူးခြားခြား အနေဖြင့် မြန်မာနိုင်ငံ လေကြောင်း ဝါသနာရှင်များ အသင်း၏ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်းကိုလည်း ထည့်သွင်းထားပါကြောင်း။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ကလေးများ ပျော်ရွှင်စေရန် ဖျော်ဖြေရေး အစီအစဉ်များ၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားခြင်း ပြိုင်ပွဲများ၊ အသင်းအဖွဲ့အလိုက် ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ပြီး လူငယ်ကဏ္ဍတွင် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် အားကစားကဏ္ဍ၏ အရေးပါပုံများကိုလည်း ပြသမည်ဖြစ်ပါကြောင်း၊ ပွဲတော်ကို ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသွားမည်ဖြစ်ပြီး လူငယ်နှင့် စာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းဇံက ယခုနှစ် ကျင်းပသည့် လူငယ်နှင့် စာပေပွဲတော်တွင် မိမိတို့ဝန်ကြီးဌာနက ပူးပေါင်းပါဝင်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကျင်းပမည့် အခမ်းအနားသည် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးမည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ဖွဲ့စည်းခြင်းများ ၊ ပြခန်းများ ခင်းကျင်းပြသခြင်း၊ ဖျော်ဖြေပွဲများနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ပွဲတော်စည်စည်ကားကား သိုက်သိုက် ဝန်းဝန်းဖြစ်စေရေးနှင့် ကျောင်းသားလူငယ်များ ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ပျော်ပျော်ရွှင်ရွှင်၊ လွတ်လွတ်လပ်လပ် ပါဝင်ဆင်နွှဲနိုင်သည့် ပွဲတော်တစ်ခု ဖြစ်စေရေး လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကျင်းပသွားမည်

စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးများနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ်ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာလို စိတ်မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးသိပ္ပံ ကျောင်းဆင်းမောင်မယ်များ အရည်အချင်းပြည့်ဝစွာ စွမ်းဆောင်နိုင်ရေး မျှော်မှန်းကြိုးပမ်းကြစေလို

**နေပြည်တော် ဇန်နဝါရီ ၇**

အနာဂတ်လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာကြမည့် လူငယ်များအား စိုက်ပျိုး၊ မွေးမြူရေး အခြေခံသော အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်သူများအဖြစ် သင်ကြားလေ့ကျင့်မွေးထုတ်ပေးကြရာ၌ စိုက်ပျိုးရေးသိပ္ပံကျောင်းများအနေဖြင့် ကျောင်းဆင်းမောင်မယ်များ အရည်အချင်းပြည့်ဝစွာ စွမ်းဆောင်နိုင်ရေးကို မျှော်မှန်းကြိုးပမ်းကြစေလိုကြောင်း၊ ၎င်းတို့၏ လုပ်ငန်းခွင် အောင်မြင်မှုများသည် ကျောင်း၏ဂုဏ်သိက္ခာဖြစ်သည်ကို သတိပြုကြစေလိုကြောင်း၊ ဇန်နဝါရီလ ၆ ရက် နံနက်ပိုင်းက ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်းကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။



ယင်းနောက် သင်တန်းခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေး သိပ္ပံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်ကြားပို့ချမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်သော မွမ်းမံသင်တန်းများ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ကွင်း စိုက်ကွက်များ မွေးမြူရေးခြံ လုပ်ငန်းများကို လက်တွေ့သင်ကြားရေး လုပ်ငန်းများအတွက် သာမက တောင်သူများအတွက် စံနမူနာပြအဖြစ် ခေါ်ယူပြသနိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများအားလုံး၌ မိမိဒေသ၏ ရေမြေရာသီဥတု မိုးလေဝသ မှတ်တမ်းများထားရှိရန်နှင့် စာကြည့်တိုက်များကို အဆင့်မြှင့်တင်ပြီး စိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၏ အွန်လိုင်းစာကြည့်တိုက်ကွန်ရက်များနှင့် ချိတ်ဆက်လေ့လာနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ကလောမြို့နယ် ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်း ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်နေမှုများ၊ အသစ်တိုးချဲ့ ဖွင့်လှစ်မည့် မွေးမြူရေး ဒီပလိုမာသင်တန်းအတွက် အကြိုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးရှိစိုက်ပျိုးရေး သိပ္ပံကျောင်းများ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဒုတိယနှစ်(ဒုတိယနှစ်ဝက်) နှင့် ပထမနှစ် (ဒုတိယနှစ်ဝက်) သင်တန်းများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကျောင်းအားလုံး၌ အကြိုလုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဖေါင်းကျေးရွာအုပ်စု တောင်သူ ဒေါ်မီဂျာ၏ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် ကောက်စိုက်အဖွဲ့ ရွှေရင်အေးစပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသနေတောင်သူများနှင့် တွေ့ဆုံကာ ဒေသဝမ်းစာဖူလုံရေး၊ မိုးစပါး တစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး နွေစပါး တစ်ဧက တင်း ၁၂၀ နှင့်အထက် ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေး သွင်းအားစု မှန်ကန်ရေး ဈေးကွက်ရှိသော သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်လုပ်ကိုင်ပြီး အပိုဝင်ငွေရရှိရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နွေစပါးမျိုးစေ့ထုတ် တောင်သူများအား ဓာတ်မြေဩဇာနှင့် တမာပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်ကွတ်ရေလွှဲဆည်သို့ရောက်ရှိပြီး နမ့်ဟတ်ချောင်းအတွင်း သဲနုန်းဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တုံဆီကျေးရွာ တောင်သူများ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး ဒေသနေတောင်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဟင်းသီးဟင်းရွက်များကို ပလတ်စတစ်ရုံစနစ်အသုံးပြု၍ တစ်နှစ်ပတ်လုံး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် အကူအညီများ ပေးအပ်သွားမည့်အခြေအနေများနှင့် ဌာန၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားကာ ဟင်းသီးဟင်းရွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများကို တောင်သူများထံ ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံမှ နှစ်စဉ် ဆန်ဖြူတန်ချိန် ၁၀၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ် နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့မည်

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သီရိလင်္ကာနိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ် (Bilateral Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပရာ သီရိလင်္ကာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Dr. Bandula Gunawardhana နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းတို့ တက်ရောက်ပြီး အမှာစကားများ ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံနှင့် သီရိလင်္ကာဆိုရှယ်လစ်ဒီမိုကရက်တစ်နိုင်ငံတို့ အကြား နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ်ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦးဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အကျိုးအမြတ်ရှိနိုင်သည့် ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက်လည်း ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြဲကြိုဆို လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးက မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံမှု စတင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိက အစားအစာဖြစ်သော ဆန်ကို ယခုလို G to G အစီအစဉ်ဖြင့် ရောင်းချပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်၍ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ - သီရိလင်္ကာ ဆန်တင်ပို့ ရောင်းချမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အား မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေး ဝန်ကြီးဌာန၊ တွဲဖက် အတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ သဘောတူ စာချုပ်အရ ဆန်ရောင်းဝယ်မှုကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံ Sri Lanka State Trading (General) Corporation တို့မှ အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ကာ မြန်မာနိုင်ငံဘက်မှ နှစ်စဉ် ဆန်ဖြူတန်ချိန် ၁၀၀၀၀၀ နှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ် နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် သီရိလင်္ကာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်တက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ခန်းများအတွင်း သန့်ရှင်းရေးပြုလုပ်ပေးခြင်းများစသည့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကလေးသူငယ်လက်ထပ်ပေးခြင်းကို ပိတ်ပင်

**မနီလာ ဇန်နဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် မိန်းကလေးခြောက်ဦးလျှင် တစ်ဦးမှာအသက် ၁၈ နှစ်မတိုင်မီ လက်ထပ်ပေးခြင်း ခံရရာ ယင်းအခြေအနေကို ပိတ်ပင်တားဆီးရန်အတွက် ဥပဒေဖြင့် တားဆီးပိတ်ပင်ခဲ့သည်။

ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ကလေးသူငယ်လက်ထပ်ခြင်းမှာ ဇန်နဝါရီ ၆ ရက်တွင် တရားမဝင်သည့်အရာဖြစ်လာတော့မည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံမှာ ကလေးသူငယ်လက်ထပ်ပေးရာတွင် ကမ္ဘာ့အဆင့် ၁၂ နေရာတွင် ရှိသည်ဟု ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးအုပ်စုက ပြောသည်။

ကာလရှည်ကြာကျင့်သုံးလာသည့် အလေ့အကျင့်များနှင့် ကျားမ မညီမျှမှုတို့ကြောင့် အပြောင်းအလဲများပြုလုပ်ရန် အဟန့်အတားများဖြစ်စေခဲ့သည်။ ကလေးသူငယ်လက်ထပ်ခြင်းကို တားဆီးသည့် ဥပဒေကို ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက လက်မှတ်ရေးထိုးခဲ့ပြီး ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်ခဲ့ရာ ယင်းဥပဒေအောက်တွင် အသက် ၁၈ နှစ်အောက် မည်သူနှင့်မဆို လက်မထပ်ဘဲ အတူနေခြင်း သို့မဟုတ် လက်ထပ်ခြင်းပြုလုပ်ပါက ထောင်ဒဏ် ၁၂ နှစ်အထိ ချမှတ်နိုင်ကြောင်း သိရသည်။

ယခု ထုတ်ပြန်ခဲ့သည့် ဥပဒေတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါဝင်သည်ဟုလည်း အစိုးရကပြောသည်။ အချို့သောတိုင်းရင်းသား အုပ်စုများနှင့် မူဆလင်အသိုင်းအဝိုင်းများတွင် ကလေးသူငယ်လက်ထပ်ပေးခြင်းမှာ မကြာခဏတွေ့မြင်နေရသည့်ကိစ္စဖြစ်နေပြီး ယင်းအသိုင်းအဝိုင်းများအတွက် အကူးအပြောင်းကာလအဖြစ် အချိန်တစ်နှစ်ဆိုင်းငံ့ပေးကြောင်း သိရသည်။



ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ ပြီးခဲ့သည့်နှစ် အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းရှိ မိန်းကလေးငယ်နှင့် အမျိုးသမီး ဘီလီယံတစ်ဝက်နီးပါးကျော်မှာ ကလေးဘဝကပင် လက်ထပ်ပေးခြင်း ခံရသည်ဟု သိရသည်။

**အေအက်ဖ်ပီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူ သန်း ၃၀၀ ကျော်လွန်လာ

**ဂျီနီဗာ ဇန်နဝါရီ ၇**

ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်သည် ဇန်နဝါရီ ၆ ရက်က သန်း ၃၀၀ ကျော်လွန်ခဲ့သည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ သိပ္ပံနှင့်အင်ဂျင်နီယာဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သည့် သတင်းအချက်အလက်များအရ သိရသည်။

အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၈၄၄၉၈၉၈ ဦးအထိရှိလာပြီးသေဆုံးသူပေါင်းမှာလည်း ၈၃၃၉၅၇ ဦးအထိရှိလာခဲ့ကာ သေဆုံးမှုနှင့် ကူးစက်ဖြစ်ပွားမှုစာရင်းတွင် ကမ္ဘာ့အမြင့်ဆုံး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း၏ ၁၉ ရာခိုင်နှုန်းခန့် ရှိပြီး သေဆုံးသူပေါင်းမှာလည်း ၁၅ ရာခိုင်နှုန်းရှိသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်းသည် သန်း ၁၀၀ အထက်ကျော်လွန်ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု သမိုင်းမှတ်တိုင်စိုက်ထူခဲ့သည်။ ထို့အတူ ဩဂုတ် ၄ ရက်တွင် သန်း ၂၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) ၏ ကျန်းမာရေးအရေးပေါ် အစီအစဉ်ဆိုင်ရာ နည်းပညာခေါင်းဆောင် မာရီယာဗန် ကာကော့ဗ်က လက်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ဗီဇကွဲအားလုံးအတွက် အလုပ်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## ပီရူးနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် မိဘမဲ့ဖြစ်ရသည့် ကလေးငယ်ပေါင်း တစ်သိန်းနီးပါးရှိ

**လီမာ ဇန်နဝါရီ ၇**

ပီရူးနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် မိဘတစ်ဦး သို့မဟုတ် မူလအုပ်ထိန်းသူ ဆုံးရှုံးသွားသည့် ကလေးငယ်ပေါင်း ၁၀၀၀၀၀ နီးပါးရှိသည်ဟု အစိုးရက ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။



ပီရူးနိုင်ငံ လီမာမြို့တွင် ကိုဗစ်- ၁၉ ဆေးစစ်မှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

ပီရူးနိုင်ငံမှာ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်း အမြင့်ဆုံးထဲမှ တစ်နိုင်ငံဖြစ်သည်။

ကံဆိုး မိုးမှောင်ကျစွာပင် ပီရူးနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် မိဘတစ်ဦးဦး သို့မဟုတ် အုပ်ထိန်းသူ ဆုံးရှုံးသွားရသည့် ကလေး ၉၈၀၀၀ နီးပါး ရှိသည်ဟု ပီရူး အမျိုးသမီးရေးရာဝန်ကြီး အနဟီဒူရန်က ပြောသည်။

ပီရူးအစိုးရသည် လတ်တလောတွင် မိသားစုပေါင်း ၁၈၀၀၀ ကျော်ကို နှစ်လလျှင် တစ်ကြိမ် အမေရိကန်ဒေါ်လာ ၅၀ ပင်စင်ငွေအဖြစ် ထောက်ပံ့ပေးသည်။

ကလေးငယ်နှင့် ဆယ်ကျော်သက်အရွယ် ၈၃၀၀၀ အတွက် စိတ်ပိုင်းဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့မှုများကို လွှမ်းခြုံနိုင်စေရေးအတွက် အကူအညီများပိုမိုတိုးချဲ့ပေးရန် ဒူရန် ကမျှော်လင့်ထားသည်။ လက်ရှိစနစ်အရ ကြုံတွေ့နေရသည့် ပြဿနာမှာ မိသားစုအများစုတွင် အကျိုးခံစားမှုရယူရန် လိုအပ်သည့် အထောက်အထား မရှိဖြစ်နေခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

မိသားစု အများအပြားမှာ ပင်စင်ထောက်ပံ့ကြေးကို ရယူလိုသော်လည်း ကိုဗစ် -၁၉ ကြောင့် သေဆုံးကြောင်း လက်မှတ်မရှိဖြစ်နေကြသည်။ ကိုဗစ် - ၁၉ ပထမအကျော့နှင့် ဒုတိယအကျော့တို့တွင် နေအိမ်၌ သေဆုံးသည့်သူများမှာ သေဆုံးကြောင်းလက်မှတ်မရှိဟု ၎င်းက ဆက်ပြောသည်။ ၂၀၂၀ ပြည့်နှစ် အစောပိုင်း ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ပီရူးနိုင်ငံတွင် လပေါင်း ၂၀၂၉၀၀ မှာ ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ **အေအက်ဖ်ပီ**

## လစ်ဗျားနိုင်ငံ ဆာမန်းမြို့အတွက် ရေပေးဝေရေးကိရိယာများ ယူနီဆက်ဖ်ထောက်ပံ့

**ထရီပိုလီ ဇန်နဝါရီ ၇**

လစ်ဗျားနိုင်ငံရှိ ဆာမန်းမြို့အတွက် ရေပေးဝေရေးကိရိယာများကို ထောက်ပံ့ပေးခဲ့သည်ဟု ယူနီဆက်ဖ်က ဇန်နဝါရီ ၆ ရက်တွင် ပြောသည်။ ရေပေးဝေရေးကိရိယာများ ထောက်ပံ့ပေးခြင်းဖြင့် လူပေါင်း ၃၀၀၀၀ အတွက် အထောက်အပံ့များရရှိမည်ဖြစ်သည်။ ကူညီထောက်ပံ့ပေးခဲ့သည့် ရေပေးဝေရေးကိရိယာများတွင် ရေစုပ်စက်များ၊ ပီဗွီစီပိုက်များနှင့် ရေထောက်ပံ့ရေးကို ထိန်းသိမ်းသည့်ပစ္စည်းများ ပါဝင်သည်။ ယခုစီမံကိန်းဖြင့် ရေရရှိမှုအတွက် စိတ်ချရပြီး ပြည်သူ့ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်သည်ဟုလည်း ယူနီဆက်ဖ်က ရှင်းပြသည်။

လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် လစ်ဗျားအာဏာပိုင်များသည် ပြည်သူများထံ လိုအပ်သည့် ထောက်ပံ့မှုများရရှိရန် ကြိုးစားရုန်းကန်နေရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၇၁၀၀ ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇန်နဝါရီ ၇**

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီ ၆ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၇၁၀၀ ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၃၅၂၆၃၈၆ ဦးအထိတိုးလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။ ဇန်နဝါရီ ၅ ရက်တွင် နောက်ထပ်သေဆုံးသူဦးရေမှာလည်း ၃၀၂ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၈၃၁၇၈ ဦး ရှိလာသည်။ တိုင်းပြည်အတွင်း လက်ရှိရောဂါခံစားနေရသူဦးရေမှာ ၃၇၁၃၆၃ ဦး ရှိသည်။ နေ့စဉ်ကူးစက်မှုမြင့်မားလာသည်မှာ ၁၀ ရက် ဆက်တိုက်ရှိနေပြီဟုလည်း သိရသည်။

**ဆင်ဟွာ**



ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာကြသူများကို တွေ့ရစဉ်။

## ရန်ပုံငွေပြတ်တောက်နေသည့်အတွက် ယီမင်နိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်ဆောင်ရွက်ရန် ကြန့်ကြာ

**ဂျီနီဗာ ဇန်နဝါရီ ၇**

ရန်ပုံငွေများ ပြတ်လပ်မှု ဆက်လက် ဖြစ်ပေါ်နေသည့်အတွက် ယီမင်နိုင်ငံတွင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များပြုလုပ်ရာတွင် သက်ရောက်မှုများရှိလာသည်ဟု လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးရုံး (အိုစီအိတ်ချ်အေ)က ဇန်နဝါရီ ၆ ရက်တွင် သတိပေးခဲ့သည်။

၂၀၂၁ ခုနှစ် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကိစ္စများအတွက် လိုအပ်သည့် ရန်ပုံငွေထဲမှ ၅၈ ရာခိုင်နှုန်းကိုသာလက်ခံရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ လိုအပ်နေဆဲဖြစ်သည်။ ရလဒ်အနေဖြင့် အကူအညီပေးရေး အေဂျင်စီများသည် ကူညီပေးနေမှုများကို လျှော့ချနေရသည်ဟု အိုစီအိတ်ချ်အေက ပြောသည်။

အရေးပေါ် အစားအသောက်အထောက်အပံ့မှာလည်း လူပေါင်းရှစ်သန်းစာအတွက် လျှော့ချနေရသည်။ အလားတူ ကျန်းမာရေး၊ ရေရရှိမှုနှင့် အခြားသောအစီအစဉ်များကိုလည်း လျှော့ချနေရသည်ဟု သိရသည်။

ယီမင်နိုင်ငံတွင် အကူအညီများရရှိရန် အလှူရှင်နိုင်ငံများက ကူညီမှုများ ဆက်လက်ပေးသွားရန် ကုလသမဂ္ဂက အလှူရှင်နိုင်ငံများကို တိုက်တွန်းလျက်ရှိသည်။

**ဆင်ဟွာ**

# ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၇

**ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကုန်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့် မူလတန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီ ၁၀ မိနစ်တွင် မြောင်းမြမြို့နယ် ကံကုန်းကျေးရွာရှိ ပြည်သူများက ကံကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ကျောင်းနေအရွယ် ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ကျေးရွာအစီအစဉ်ဖြင့် တည်ဆောက်ထားပြီး သင်ကြားမှုပေးလျက်ရှိသည့် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းကို မလိုလားသူ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာနေ ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူ ၄၄ ဦး ပညာသင်ကြားလျက်ရှိသည့် အလျား ၄၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေခန့်ရှိ ဓနိမိုး၊ ထရံကာ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

### ပေါက်ကွဲမှုဖြစ်ပွားခဲ့

အလားတူ ယနေ့ နံနက် ၆ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် (၇၃) လမ်း ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ MITT တက္ကသိုလ်၏ တောင်ဘက်ဝင်ပေါက်ရှေ့တွင် မသင်္ကာဖွယ်စက္ကူပုံးတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတက္ကသိုလ်၏ တောင်ဘက်ဝင်ပေါက်ရှေ့တွင် အကြမ်းဖက်သမားများက ပုလင်း ခုနစ်လုံး၌ ဆန့်ကျင်စာသားများကပ်၍ ထောင်ထားပြီး အဆိုပါပုလင်းများအလယ်၌ ကတ္တူပုံးတစ်လုံးကို ထားရှိသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရန်ပြုလုပ်နေစဉ် အဆိုပါပုံးအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

### ဖောက်ခွဲဖျက်ဆီး

ထို့အတူ ဇန်နဝါရီ ၅ ရက် ည ၁၀ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပန်းစွာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်ပေါက် တံခါးကို အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောင်းဝင်တံခါး ပျက်စီးကာ ကွန်ကရစ်တိုင်အောက်ခြေတို့ အနည်းငယ် ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်ပေါက်ရှိ လုံခြုံရေးဂိတ်တဲအတွင်းရှိ မြေကြီးအတွင်းမှ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အဆိုပါဂိတ်တဲအနီး၌ ပညာသင်ကြားနေသော ကလေးသူငယ်များအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ကလေးအား ကျောင်းလာရောက်ပို့ဆောင်သည့် အဆိုပါကျေးရွာနေ မဖြူဖြူထွေး (၂၇)နှစ် (ဘ) ဦးစိုးချစ်တို့တွင် မိုင်းစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာအား စစ်ဆေးခဲ့ရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

### ဖောက်ခွဲရှင်းလင်း

ထို့အတူ ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို မြိုင်-ကမ္ဘကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမား နှစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်မိုင်းတစ်လုံးမှာ ကျောင်းဝင်းအတွင်းရှိ မြို့ညွန့်ခန်းကျောင်းဆောင်အနီးကျရောက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဆောင်အနီး လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားပြီး ကျောင်းဆောင်နှင့် အုတ်တံတိုင်းအနီးတွင် မပေါက်ကွဲသေးသည့် လက်လုပ်ရှော့တိုက်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် ဖောက်ခွဲရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် အခြားအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ချမ်းမြသာစည်မြို့နယ် MITT တက္ကသိုလ်၏ တောင်ဘက်ဝင်ပေါက်ရှေ့တွင် မသင်္ကာဖွယ် စက္ကူပုံးတစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။



ဆူပူအကြမ်းဖက်သူများက မီးရှို့မှုကြောင့် မြောင်းမြမြို့နယ် ကံကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ရဲတပ်သား အောင်ဇော်ဦး



ရဲတပ်သား ထက်ခိုင်(ဒဏ်ရာရ)



ဖြူဖြူထွေး(ဒဏ်ရာရ)



ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်ပေါက် လုံခြုံရေးဂိတ်တဲအတွင်း လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။

## စကုမြို့ ရွှေပေါက်ကံရပ်ကွက်မှ မီးဘေးသင့် အိမ်ထောင်စုကို ထောက်ပံ့

မင်းဘူး ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုမြို့ အမှတ်(၁) နယ်မြေ ရွှေပေါက်ကံရပ်ကွက်မှ မီးဘေးသင့်အိမ်ထောင်စုဝင် မိသားစုများကို ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ထိုသို့ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ခြေတစ်လုံး၊ အိမ်ထောင်စုတစ်စု၏ လူဦးရေခြောက်ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၂၆၀၀ ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၁၁၂၆၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မီးဘေးသင့်မိသားစုများထံ ဇန်နဝါရီ ၆ ရက်က ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၌ သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အောင်ပိုင်သူ (ခ) မိုးညို (ဘ) ဦးသန်းနိုင်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်းတို့ကြောင့်လည်းကောင်း၊ ထက်ဝေယံ(ခ) နောင်နောင် (ဘ) ဦးဇော်နိုင်သည် အောက်တိုဘာလအတွင်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် လည်းကောင်း၊ ညိုချော (ခ) ရာဇာ (ဘ) ဦးသန်းဋ္ဌေးသည် ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများနှင့် လုပ်ကြံ သတ်ဖြတ်မှုများတွင် ပါဝင် ဆောင်ရွက်ခြင်းကြောင့် လည်းကောင်း၊ ဖြိုးအောင် (ခ) ကိုဖြိုး (ဘ) ဦးသောင်းထွန်းသည် ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ သင်တန်း တက်ရောက်ခြင်း၊ မိုင်းထောင် ဖောက်ခွဲခြင်းတို့ကြောင့် လည်းကောင်း၊ ထက်လွင်ကို(ခ)ထက်ရှား (ခ)ရှားတင်(ဘ)ဦးဇော်ဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ဇင်မင်းထွန်း(ခ)ဒိုးလေး (ဘ) ဦးထွန်းထွန်း အပါအဝင် လေးဦးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေး သင်တန်း တက်ရောက်ခြင်းကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀ (ည)အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ၎င်းတို့အား “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**စစ်ခုံရုံးဖွဲ့၍ စစ်ဆေး**

အလားတူ အောက်တိုဘာ ၁၃ ရက်တွင် ဖွဲဝေယံထွဋ်(ခ) အက်ဒီဇင် (ဘ) ဦးနိုင်ဝင်း အပါအဝင် လေးဦးသည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅/၁)ရပ်ကွက် ယုဇနလမ်းနေ ရာအိမ်မှူးတစ်ဦးအား သေနတ်ဖြင့် ပိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)/ ၅၄ အရ ဇန်နဝါရီ ၆ ရက်တွင် ၎င်းတို့ လေးဦးအား “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**ပြစ်ဒဏ်အမိန့်ချမှတ်**

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် စိုးနိုင်(ဘ)ဦးမြအေး အပါအဝင် အမျိုးသား ခုနစ်ဦးသည် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်အတွင်း၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် အများပြည်သူလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များအား နှောင့်ယှက်တားဆီးခြင်းကြောင့် လည်းကောင်း၊ ထက်ရှား(ခ)ထက်လွင်ကို (ခ) ရှားတင်(ဘ)ဦးဇော်ဝင်း အပါအဝင် သုံးဦးသည် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ ရာအိမ်မှူးတစ်ဦး၏နေအိမ်အား လက်လုပ်ချိန်ကိုက်ဗုံးတစ်လုံးဖြင့် ပေါက်ခွဲရန်ကြိုးစားခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄ - ဂ အရ ဇန်နဝါရီ ၆ ရက်တွင် ၎င်းတို့ ၁၀ ဦးအား “အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်” ပြစ်ဒဏ်အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**မြန်မြန်ဆန်ဆန် အရေးယူ**

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကိုဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၄ အမှုမှတရားခံ ကျော်စည်သူ(ခ) ဖွဲလေး၊ ဝင်းလှိုင်ထွန်း (ခ)ညီလေး၊ အောင်ချမ်းမြေ့(ခ)ချမ်းမြေ့နှင့် ဖွဲဝေယံထွဋ်(ခ)အက်ဒီဆင် (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။



အောင်ပိုင်သူ(ခ)မိုးညို



ထက်ဝေယံ(ခ)နောင်နောင်



ညိုချော(ခ)ရာဇာ



ဖြိုးအောင်(ခ)ကိုဖြိုး



ထက်လွင်ကို(ခ) ထက်ရှား(ခ) ရှားတင်



ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄-ဂ အမှုမှ တရားခံ ကျော်ဝေယံဟိန်း၊ မျိုးမင်းထွန်း၊ သန့်ဇော်ဦး၊ ကျော်မင်းဦး၊ စိုးနိုင်၊ ဖြိုးသက်ခိုင်နှင့် ဝင်းလွင်ဦး (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀(ည) အမှုမှ တရားခံ ဇင်မင်းထွန်း(ခ) ဒိုးလေး၊ မြတ်သူ(ခ)နတ်ဆိုး၊ ကျော်သူအောင်(ခ)ဆံရှည်နှင့် အိကေခိုင်(ခ)မအိ (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။

# ဇန်နဝါရီ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၈၈ ဦးရှိ

(၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၉၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၇) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၆) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၁၂,၆၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၈၀၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၉,၇၅၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၈၈) ဦး ရှိပါသည်။**

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၉၃) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၃) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၅) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၈) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၄၈၃) ခု | (၁၂၈) ဦး |
| စုစုပေါင်း | (၁၃,၉၉၉) ခု | (၁၇၇) ဦး |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၇-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၅၁၈,၂၀၂) ဦးနှင့် သေဆုံးသူ (၁၁၄) ဦးရှိပြီး ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ ဒေသပေါင်း (၁၄၄) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၇-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၉၅၆၄၁၁၆ | ၄၂၀၈၉၁၉၈ | ၈၅၅၈၄၃ |
| ၂။ | အိန္ဒိယ | ၃၅၂၂၆၃၈၆ | ၃၄၃၇၁၈၄၅ | ၄၈၃၁၇၈ |
| ၃။ | ဘရာဇီး | ၂၂၃၉၅၃၂၂ | ၂၁၅၆၇၈၄၅ | ၆၁၉၇၃၀ |
| ၄။ | ဗြိတိန် | ၁၄၀၁၅၀၆၅ | ၁၀၆၂၀၇၂၈ | ၁၄၉၅၁၅ |
| ၅။ | ပြင်သစ် | ၁၁၁၈၃၂၃၈ | ၈၃၉၃၈၂၇ | ၁၂၅၀၁၃ |
| ၆။ | ရုရှား | ၁၀၆၁၈၀၃၅ | ၉၆၄၅၇၁၂ | ၃၁၄၆၀၄ |
| ၇။ | တူရကီ | ၉၇၈၇၂၇၄ | ၉၂၁၇၆၆၉ | ၈၃၂၃၁ |
| ၈။ | ဂျာမနီ | ၇၃၉၉၀၀၃ | ၆၆၆၄၈၀၀ | ၁၁၄၂၀၇ |
| ၉။ | အီတလီ | ၆၉၇၅၄၆၅ | ၅၂၄၃၄၁၂ | ၁၃၈၄၇၄ |
| ၁၀။ | စပိန် | ၆၉၂၂၄၆၆ | ၅၁၂၄၂၂၁ | ၈၉၈၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၅၁၈၇ | ၄၁၁၅၅၇၂ | ၁၄၄၁၂၂ |
| ဖိလစ်ပိုင် | ၂၉၁၀၆၆၄ | ၂၇၈၁၄၂၄ | ၅၁၈၇၁ |
| မလေးရှား | ၂၇၇၆၆၉၉ | ၂၇၀၅၂၉၂ | ၃၁၆၂၈ |
| ထိုင်း | ၂၂၅၂၇၇၆ | ၂၁၈၈၃၉၇ | ၂၁၇၉၉ |
| ဗီယက်နမ် | ၁၈၅၉၈၄၁ | ၁၄၇၉၀၄၈ | ၃၃၈၇၇ |
| မြန်မာ | ၅၃၁၈၀၁ | ၅၀၉၇၅၇ | ၁၉၂၈၈ |
| စင်ကာပူ | ၂၈၃၂၁၄ | ၂၇၇၇၅၉ | ၈၃၅ |
| ကမ္ဘောဒီးယား | ၁၂၀၅၆၄ | ၁၁၆၉၉၁ | ၃၀၁၅ |
| လာအို | ၁၁၆၈၉၀ | ၁၀၉၄၀၅ | ၄၂၁ |
| ဘရူနိုင်း | ၁၅၅၃၂ | ၁၅၃၃၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဇန်နဝါရီ  ၇

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေးရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ခေတ်မီစံပြကျေးရွာ (Smart Village) များအဖြစ် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့် တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ သုံးရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ(ယာပုံ) မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ခေတ်မီစံပြကျေးရွာ (Smart Village) များ ဖြစ်ပေါ်စေရေးအတွက် ကျေးရွာသုံးရွာကို ဦးစားပေးရွေးချယ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ငွေးပင်စံပြကျေးရွာ၏ ခေတ်မီစက်မှုလယ်ယာစနစ်နှင့် Contract Farming စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးရွာရှိ တောင်သူ ၆၁ ဦးကို သမဝါယမအသင်းဖွဲ့စည်းပေး၍ လယ်မြေ ၁၁၄ ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ငွေးပင်စံပြကျေးရွာ၏ စနစ်တကျ လယ်ယာမြေဖော်ထုတ်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက Contract Farming စနစ်ဆိုင်ရာ သွင်းအားစုများ၊ နည်းပညာများ၊ မျိုးများထောက်ပံ့ပေးခြင်း၊ သီးနှံဝယ်ယူခြင်း၊ စာချုပ် ချုပ်ဆိုခြင်း စသည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တောင်သူတစ်ဦးက လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ယခုစံပြကျေးရွာ အကောင်အထည်ဖော်မှုကို မိမိတို့ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ကျေးရွာရှိ တောင်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချပေးခဲ့သော အခြေခံဆိုင်ကယ်ပြုပြင်သင်တန်း၊ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အောင်မြင်ပြီးသူများနှင့်တွေ့ဆုံ၍ တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေကမ္ဘာငွေစုငွေချေးသမဝါယမအသင်းနှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေသြဇာစက်ရုံသို့ ရောက်ရှိပြီး တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် မြေသြဇာသွင်းအားစုများ ထုတ်လုပ်ပံ့ပိုးပေးနိုင်ရေး စက်ရုံမှတာဝန်ရှိသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ သဘာဝမြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ EM ဘိုကာရှီမြေဆွေးပြုလုပ်နေမှု၊ တီကောင်မွေးမြူရေးနှင့် တီစွန့်ပစ်မြေသြဇာ(တီကျစ်စာ) ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ထွက်ရှိလာသည့် သဘာဝမြေသြဇာ၏ အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များ စစ်ဆေးရန်၊ ထုတ်လုပ်မှု မှတ်ပုံတင်ရရှိစေရေး၊ ယခုနွေစပါးအမီ စမ်းသပ်သုံးစွဲနိုင်ရေး၊ ဈေးကွက်ရရှိရန် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) တက်ရောက်

**စစ်ကိုင်း  ဇန်နဝါရီ  ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၂)ကို ဇန်နဝါရီ ၆ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး(ယာပုံ) အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်က မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောဂါပိုးစစ်ဆေးတွေ့ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှု၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု၊ သတ်မှတ်လျာထားချက်ပြည့်မီအောင် ကာကွယ်ဆေးထိုးနှံမှုနှင့် လုံခြုံရေးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)



## ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

**နေပြည်တော်  ဇန်နဝါရီ  ၇**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ဟောင်လိတ်ကျေးရွာရှိ ကြက်သွန်ဖြူစိုက်ခင်းနှင့် ဟွေအောရော်ဘာစက်ရုံသို့ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များသည် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ (ဝဲပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂံ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစီမံကိန်း တရားဝင်စတင်ဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

တရုတ်နိုင်ငံမှ အကူအညီပေးအပ်သည့် ပုဂံသဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစီမံကိန်း တရားဝင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဇန်နဝါရီ ၄ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၈ ရက်တွင် တရုတ်နိုင်ငံ စန်ရှီးပြည်နယ်မှ စေလွှတ်သည့် ပညာရှင် လေးဦးပါဝင်သော လုပ်ငန်းအဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး quarantine ခံယူပြီးနောက် ပုဂံသို့ သွားရောက်ကာ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကနဦးပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ဒီဇင်ဘာ ၁၇ ရက်မှစ၍ လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် မြန်မာနိုင်ငံသို့လာရောက်သည့် လုပ်ငန်းတာဝန်များနှင့် မြန်မာနိုင်ငံမှ ပါဝင်ဖြေရှင်းပေးရမည့် လုပ်ငန်းဆောင်ရွက်ရန်နေရာ၊ ကုန်ကြမ်းပစ္စည်းများ ထားရှိမည့်နေရာ၊ နေထိုင်မှုနေရာ စသည့်မြေယာအသုံးပြုမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ စီမံကိန်းအဖွဲ့သည် သဗ္ဗညုဘုရားစီမံကိန်းနေရာသို့ လာရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့သည့် အရေးပေါ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း အသေးစိတ်စစ်ဆေးခဲ့သည်။ ဇန်နဝါရီ ၈ ရက်တွင် ပြုပြင်ထိန်းသိမ်းရေးစီမံကိန်း တရားဝင် စတင်ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လက မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ဖ ဒသမ ၈ အဆင့် မြေငလျင်လှုပ်ခတ်ခဲ့ရာ သဗ္ဗညုဘုရား(ယာပုံ)အပါအဝင် စေတီပုထိုးများ ရာနှင့်ချီ ထိခိုက်မှုရှိခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာနိုင်ငံ၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ စန်ရှီးပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးသုတေသနဌာနစသည့် အဖွဲ့အစည်းများမှ ပညာရှင်များသည် ပုဂံသို့ အကြိမ်များစွာ လာရောက်လေ့လာခဲ့ပြီး စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် ကနဦးအစီအစဉ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် တရုတ်-မြန်မာနှစ်ဦးနှစ်ဖက်သည် ပုဂံ၌ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် စန်ရှီးပညာရှင်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သဗ္ဗညုဘုရား အရေးပေါ် ပြုပြင်ထိန်းသိမ်းမှုများ စတင်ဆောင်ရွက်ခဲ့သည်။



**သီရိ**

# မန်းရေနံမြေဒေသခံများအတွက် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ပြန်လည်စတင်

**မင်းဘူး ဇန်နဝါရီ ၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် မန်းရေနံမြေ ဒေသခံလူငယ်များ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူခွင့်ရရှိနိုင်ရန် ဒေသတွင်းပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးစီမံချက်များကို ပူးပေါင်းလိုက်နာသည့်အနေဖြင့် အဆိုပါအစီအစဉ်များကို ယာယီရပ်နားခဲ့ရာ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းပြန်လည်စတင်ခဲ့သည်။

MPRL E&P ၏ ပညာသင်ဆု အစီအစဉ်ဖြင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)တွင် တစ်နှစ်သင်တန်း တက်ရောက်ခွင့်ရရှိရန် မန်းရေနံမြေ ဒေသခံလူငယ်များကို ဖိတ်ခေါ်ခဲ့ပြီး အဆိုပါကျောင်းမှ စစ်ဆေးသည့် ဝင်ခွင့်စာမေးပွဲသို့ ဒေသခံလူငယ် ၃၁ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။



စက်မှုသင်တန်းကျောင်း တက်ခွင့်ရရှိသည့် လူငယ်ခုနစ်ဦး။

**စက်မှုသင်တန်းကျောင်း**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန သင်တန်းကျောင်းများကြီးကြပ်ရေးဌာန လက်အောက်ရှိ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် "စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း" အမှတ်စဉ်(၁၀)သို့ မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် မန်းကျိုး၊ ပေါက်ကုန်း၊ ကျွဲချနှင့် လေးအိမ်တန်းကျေးရွာများမှ ဒေသခံလူငယ်ခုနစ်ဦး တက်ရောက်ခွင့်ရရှိခဲ့သည်။ အဆိုပါ လူငယ်ခုနစ်ဦးအနက် အမျိုးသား ငါးဦးသည် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း (Automobile Maintenance Course) ကို တက်ရောက်လျက်ရှိပြီး အမျိုးသမီးနှစ်ဦးသည် ကွန်ပျူတာသုံး ဒီဇိုင်းရေးဆွဲ/ ထုတ်လုပ်မှုသင်တန်း (CAD/ CAM Course) ကို တက်ရောက်လျက်ရှိသည်။ သင်တန်းသားခုနစ်ဦး သင်တန်း တက်ရောက်နိုင်ရေးအတွက် ကျောင်းဝင်ကြေး၊ ယာဉ်မောင်း လိုင်စင်ကြေး၊ စားစရိတ်၊ ဘွဲ့ဝတ်စုံစရိတ်နှင့် တစ်ဦးလျှင် လစဉ်အပိုအသုံးစရိတ်ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် သင်တန်းသား ခုနစ်ဦးအတွက် တစ်နှစ်တာ ခန့်မှန်းကုန်ကျစရိတ်စုစုပေါင်းငွေကျပ် ၄၀၅၀၀၀၀ ကို MPRL E&P CSR အစီအစဉ်ဖြင့် ပံ့ပိုးခဲ့သည်။

**ဆေးဝါးကျွမ်းကျင်သင်တန်း**

ရောဝတီသင်တန်းကျောင်း (မင်းဘူး) က ဖွင့်လှစ်ပို့ချလျက်ရှိသည့် "ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နှစ်လတာသင်တန်း" အတွက် MPRL E&P CSR အစီအစဉ်ဖြင့် ပညာသင်ဆု ချီးမြှင့်နိုင်ရေးအတွက် မန်းရေနံမြေ ဒေသခံလူငယ်များကို ဖိတ်ခေါ်ခဲ့ပြီး အဆိုပါသင်တန်းကျောင်းနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက ပညာသင်ဆုရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ရာ လျှောက်ထားသူ ဒေသခံလူငယ် ၂၄ ဦးအနက် ငါးဦး ရွေးချယ်ခံရသည်။

အဆိုပါ နှစ်လတာသင်တန်းတွင် မင်းဘူးမြို့၌ စာတွေ့သင်တန်း တစ်လ တက်ရောက်ရမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ရောဝတီသင်တန်းကျောင်းနှင့် သင်ကြားရေးဆေးရုံတွင် လက်တွေ့တစ်လ တက်ရောက်သင်ယူရမည် ဖြစ်သည်။ ရွေးချယ်ခံရသည့် သင်တန်းသား ငါးဦးသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ စတင်၍ မင်းဘူးမြို့တွင် တက်ရောက်သင်ယူလျက်ရှိသည်။

နှစ်လတာသင်တန်းအတွက် ခန့်မှန်းကုန်ကျစရိတ် တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့် ရှိပြီး အခြားကုန်ကျစရိတ်များ အပါအဝင် စုစုပေါင်း ငွေကျပ် ၆၃၂၀၀၀၀ ခန့်ကို MPRL E&P CSR အစီအစဉ်က မန်းရေနံမြေ ဒေသခံလူငယ်များအတွက် ပညာသင်ဆုချီးမြှင့်ခြင်းအဖြစ် ပံ့ပိုးခြင်းဖြစ်သည်။ အလားတူ သင်တန်းပြီးဆုံး အောင်မြင်သည့် သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**အလုပ်အကိုင်ဖန်တီးပေး**

MPRL E&P သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မန်းရေနံမြေ ဒေသခံလူငယ်အမျိုးသမီးသုံးဦးကို ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းတက်ရောက်နိုင်ရန် ပညာသင်ဆုများ ပံ့ပိုးခဲ့ပြီး သင်တန်းပြီးဆုံးအောင်မြင်ခဲ့သည့် သင်တန်းသူ သုံးဦး၏ အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုပါ တိုးတက်ဖန်တီးပေးနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုရှိသည့် ကာလများအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဆိုပါသင်တန်းသူများက တစ်တပ်တစ်အား ဝိုင်းဝန်းပံ့ပိုးနိုင်ခဲ့သည်။

MPRL E&P သည် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် သင်တန်းများဖွင့်လှစ်ပါက မန်းရေနံမြေဒေသခံလူငယ်များအတွက် ပညာသင်ဆုများချီးမြှင့်ပြီး သင်တန်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# သနပ်ပင်မြို့ ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံမြို့မိမြို့ဖများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**သနပ်ပင် ဇန်နဝါရီ ၇**

သနပ်ပင်မြို့သည် ဝင်ငွေခွန်နည်းပါးသည့် မြို့တစ်မြို့ဖြစ်၍ မြို့တွင်းလမ်းများကို လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ပေးနိုင်ရေးအပြင် အခြားမြို့တွင်းစည်ပင်သာယာရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သီးခြားထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သနပ်ပင်မြို့ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံမြို့မိမြို့ဖများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သနပ်ပင်မြို့သည် (သီလဝါ-သန်လျင်-ခရမ်း-သနပ်ပင် - ပဲခူး)လမ်း ဖြတ်သန်းရာ မြို့တစ်မြို့ဖြစ်ကာ အနာဂတ်တွင် ကုန်စည်စီးဆင်းမှု၌ အရေးပါသည့် နေရာတစ်ခု ဖြစ်လာမည်ဖြစ်၍ ယခုကတည်းက ဆောင်ရွက်စရာ ရှိသည်များကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက သောက်သုံးရေရရှိစေရေး၊ မြို့တွင်းလမ်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့တွင်း ရေနုတ်မြောင်းများ ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအလိုက် ကွန်ကရစ်လမ်းနှင့် ရေနုတ်များ တူးဖော်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။




**သတင်းစဉ်**

# ကယားပြည်နယ် ဟွေပုံလောင်း-ကောက်ကောက်ဒေသရှိ အကြမ်းဖက်အဖွဲ့များ သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူ တိုက်ခိုက်ခဲ့သည့် ကျားပါးစပ်ကြီးစခန်းအား တပ်မတော်က အချိန်ပိုင်းအတွင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်

**နေပြည်တော် ဇန်နဝါရီ ၇**

ကယားပြည်နယ် ဟွေပုံလောင်း-ကောက်ကောက် ဒေသအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်၏ ကျားပါးစပ်ကြီးစခန်းအား ယနေ့နံနက်အစောပိုင်းတွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အလစ်အငိုက်ရယူ၍ သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စစ်နည်းဗျူဟာမြောက် ခေတ္တဆုတ်ခွာပေးခဲ့ပြီး မွန်းလွဲပိုင်းတွင် တပ်မတော်က ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကယားပြည်နယ် အတွင်း တပ်မတော်က နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျားပါးစပ်ကြီးစခန်းအား ယနေ့နံနက်အစောပိုင်းတွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ရယူပြီး သာလွန်အင်အား အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်တိုက်ခိုက်လာခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်နည်းဗျူဟာအရ စခန်းမှ ခေတ္တဆုတ်ခွာခဲ့ပြီး ကြိုတင်စီမံထားသည့်လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန်ချက်ညီညီ တန်ပြန်တိုက်စစ်ဆင် ချေမှုန်းခဲ့သည့်အပြင် လေကြောင်းပို့ဆောင်မှုဖြင့် တပ်ကူများ ဖြစ်စဉ်နေရာအနီးတစ်ဝိုက် အမြန်ဆုံးဖြည့်တင်းခြင်း ဆောင်ရွက်ခဲ့သဖြင့် မွန်းလွဲပိုင်းတွင် အဆိုပါစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များ အရှေ့မြောက်ဘက်သို့ သေဆုံး၊ ဒဏ်ရာရရှိမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့်လက်နက်/ခဲယမ်းအချို့အပါအဝင် ဆက်စပ်ပစ္စည်းတို့အား သိမ်းဆည်းရရှိခဲ့သည်။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

အကြမ်းဖက်အဖွဲ့များ သာလွန်အင်အားဖြင့် အလစ်ငိုက်ရယူတိုက်ခိုက်ခဲ့သည့် ကျားပါးစပ်ကြီးစခန်းအား တပ်မတော်က အချိန်ပိုင်းအတွင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် နေရာပြပုံ




တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ထုတ်ပြန်ကြေညာချက်အပေါ် တိကျစွာ လိုက်နာဆောင်ရွက်သော်လည်း ယခုကဲ့သို့ မိမိတပ်မတော် လှုပ်ရှားစစ်ကြောင်းများ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးစခန်းများအား လာရောက်တိုက်ခိုက်ပါမူ ထိရောက်ပြင်းထန်စွာ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အသုံးပြုလျက် တုံ့ပြန်ရန် အခွင့်အရေးရှိကြောင်းနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက် ရယူ၍ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများအပြင် အများပြည်သူ သွားလာလျက်ရှိသည့် နယ်စပ်လမ်းတစ်လျှောက် အဖျက်အမှောင့်လုပ်ရပ်များကိုပါ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ROE စည်းမျဉ်းစည်းကမ်းနှင့်အညီ နယ်မြေဒေသလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျော်ဖုံးမှ*

အမျိုးသားကျန်းမာရေးခတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) တို့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ခတ်ခွဲနမူနာ (၁၂) ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါအိုမီခရွန်ရောဂါပိုးတွေ့ရှိသူ (၁၂) ဦးမှာ မြန်မာနိုင်ငံ သား (၁၁) ဦးနှင့် နိုင်ငံခြားသား (၁)ဦးဖြစ်ပြီး Relief Flight များဖြင့် ဝင်ရောက်လာသူ ယူအေအီးနိုင်ငံမှ (၈) ဦး၊ မလေးရှားနိုင်ငံမှ (၃) ဦးနှင့် အိန္ဒိယနိုင်ငံမှ (၁)ဦး ဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုး တွေ့ရှိသူများအား သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းသူတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ခတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

● *ကျော်ဖုံးမှ*

အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့ပြီး အရှေ့အာရှဇုန်၊ အနောက်အာရှဇုန်၊ တောင်အာရှနှင့် အလယ်ပိုင်းဇုန်တို့အတွက် အုပ်စုများခွဲဝေခဲ့ကာ အာဆီယံဇုန်မှာမူ ခြေစစ်ပွဲ သီးခြားမကျင်းပဘဲ ဗြိတွင် ပြုလုပ်မည့် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲမှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သုံးသင်းအား ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ အခြားဇုန်များအတွက် အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန် အုပ်စု (က)တွင် လက်ဘနွန်၊ ဆော်ဒီအာရေဗျ၊ ပါလက်စတိုင်း၊ အိုမန်၊ အုပ်စု(ခ)တွင် အီရတ်၊ ဘာရိန်း၊ ယူအေအီး၊ အရှေ့အာရှဇုန် အုပ်စု(က)တွင် ဂျပန်၊ တရုတ်၊ မွန်ဂိုလီးယား၊ အုပ်စု (ခ) တွင် တရုတ်တိုင်ပေ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ တောင်အာရှနှင့် အလယ်ပိုင်းဇုန် အုပ်စု (က) တွင် အီရန်၊ ကာဂျစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ အာဖဂန်နစ္စတန်၊ နီပေါ အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အာဆီယံဇုန်တွင် ပါဝင်နေပြီး အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ထိပ်ဆုံးသုံးသင်း စာရင်းဝင်ပါက ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၂၀၁၈ တစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ၂၀၂၀ ပြိုင်ပွဲကိုမူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရသည်။

**ရဲရင့်လွင်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့) တွင် ထွက်ရှိမည့်ရွှေသွေးဂျာနယ် အတွဲ ၅၄၊ အမှတ် (၂)၌ ကျားသောင်းကျန်းကြီးကို အမိဖမ်းပေးနိုင်သော ဖိုးချွန်းနှင့် ဆရာတပည့်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် ကျားသောင်းကျန်း" မျက်နှာဖုံးကာတွန်း၊ ယဉ်ကျေးမှုအလွမ်းမိုးဆုံးနိုင်ငံသုံးနိုင်ငံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ယဉ်ကျေးမှုအလွမ်းမိုးဆုံး ကမ္ဘာ့သုံးနိုင်ငံ" သုတ ဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ ပီဇာစားချင်သည့် ဆန္ဒပြည့်ခဲ့သော ပိစိအကြောင်းကို သရုပ်ဖော်ထားသည့် "ပိစိ" နှစ်မျက်နှာကာတွန်း၊ ကျောင်းပြန်တက်တော့မည်ဆိုသော ဖိုးလုံးအကြောင်းတင်ဆက်ထားသည့် "မှန်ကန်သောဆုံးဖြတ်ချက်" ဝတ္ထုကကဏ္ဍ၊ လက်ရေးလှအောင်ရေးတော့မည်ဆိုသောဆုရတီအောင်အကြောင်း ရေးဖွဲ့ထားသည့် "ဆုရတီအောင်-ဆင်ခြေ" တစ်မျက်နှာကာတွန်း၊ ငွေခွာကစားခဲ့သော မြေကွက်လပ်များတွင် ကျောက်မျက်ရတနာများကို တစ်ခါတစ်ရံတွင် တွေ့နေရဆဲဖြစ်ကြောင်း တင်ဆက်ထားသည့် "ဆိတ်ကလေးငွေခွာ" ပုံပြင်ကဏ္ဍအပါအဝင် ညဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။ **သတင်းစဉ်**




## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၁-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၅၀/၁၃၉၀ ကျပ် | ၁၃၉၅/၁၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၆၀/၁၄၁၀ ကျပ် | ၁၄၀၅/၁၄၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၉၅/၁၄၀၅ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၇၀ ကျပ် | ၁၅၅၅/၁၅၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂. ၇၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၃၁၅ | ၁၀၉၁၄၅၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၇၃၅ | ၈၂၁၇၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၃၆၂ | ၇၀၁၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၀၀ | ၁၉၄၅၀၄၄၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၄ | ၁၁၈၀၀ |
| AHP | ၅၈၀၀ | ၅၇၀၀ | ၁၆ | ၉၁၄၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁-၂၀၂၂ စနေနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ရတနသုတ်၊မောရ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'ဝ' ဥစိုက်ခင်းအကြောင်း တစ်စေ့တစ်စောင်း
၀၉:၃၅ ခေတ်အလိုက်ကြေးမုံပြင် **'သမိုင်းတင်ခေတ်ဦးပြခန်း'** (ဒုတိယပိုင်း)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
၁၃:၃၀ MRTV National News
၁၅:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း **'အချိန်လွန်နှောင်တ'**
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
၁၆:၄၅ ABU အစီအစဉ် 'DREAM'
၁၇:၁၀ ရှုလေမြင်လေကမ္ဘာမြေ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၅၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ စိန်ရတုပြည်ထောင်စုလူရွှင်တော်ဖလားပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၁)
၂၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း **'အညာအချိန်နေညိုချမ်း ပြန်လမ်းကိုတဲ့မရောက်ဝံ'**

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 Dhamma Settkyar (Nan Sandi)
07:11 Weekly Review
07:27 Myanmar Masterclass: Artist Phyu Soe Myint Kyaw
07:40 Myanmar Traditional Snacks: Myanmar Doughnut
07:44 Myanmar Family Life: Nature Connected to Happiness
08:01 Quiz Time (Ep-5)
09:01 News
09:26 Global Partnership for Brighter Future: Saint Kitts and Nevis Pavilion at Expo 2020 Dubai
09:36 Mogok, Ruby Land
09:52 Inlay Traditional Cotton Clothes
10:01 Zambudipar (Shwe Yee Win)
10:08 Ecstasy of Life

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ငေါ်ရန်ဂိုကျွန်းသဘာဝအလှ (အပိုင်း-၁)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အစာအိမ်ရောဂါအကြောင်း
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကိုယ်တိုင်စိတ်ကစ်လိစ်ခြယ်နည်း
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ရိုးရာကြက်သားသုပ်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာတူရိယာ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကျောက်ရိုးတော်ဓာတ်စေတီ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဒါကြက်ဥပူတင်းလုပ်ကြမယ်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်းပင်ရွာ

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငပေ့ငရွှေးချယ်မှု'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel (MRTV FARMERS) ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီခွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မက်လုံးတွေက ပျက်သုဉ်းဖို့ရာ

စာချစ်သူ

**အမှောင်ထုမပျိုးခင် တိမ်တောက်ချိန်တွင် မှန်ပါးစက္ကူကွက်ကြီးက ရေအိုင်အသွင်သဏ္ဌာန်ထင်ဟပ်နေသည်။ မှန်ပါးစက္ကူအမျှင်စလေးများကလည်း လက်လက်လက်လက်နှင့် ရေလှိုင်းအသွင်ထင်ဟပ်လို့နေသည်။ ဤသည်ကို ကောင်းကင်ပေါ်တွင် ဝဲပျံနေကြသောစနိုက်၊ စစ်စလီတို့သည် မြစ်ချောင်းအင်းအိုင်ဟု ထင်မှတ်ကာ အော်ဟစ်ထိုးဆင်းလာသည့်အခိုက်တွင် ငှက်မုဆိုးတို့ ဆင်ထားသော ကောင်းကင်ပိုက်တွင် ငြိတွယ်ကာ ထောက်ချောက်အတွင်း သက်ဆင်းကြရလေသည်။**

တံငါသည်တစ်ဦးသည် ငါးမျှားတံကို ရေ့တိုးနောက်ငင်နှင့် ဆန်ကောဝိုင်းငှေ့ယမ်းနေသည်။ ငှေ့ယမ်းနေသောအရှိန်ကြောင့် ငါးမျှားချိတ်၌ ချိတ်ထားသော ဖားကလေးသည် ငါးလေးတစ်ကောင် ရေပေါ်၌ ရှပ်ကူးနေသလို တဖျတ်ဖျတ်အသံဖြင့် ရေပေါ်၌ပတ်ချာလည်နေ၏။ ချက်ချင်းပင် ငါးရံ့တစ်ကောင်သည် ဝုန်းခနဲနေအောင် ထိုးဟပ်လိုက်ရာ ကိုတံငါသည် ငါးမျှားတံကိုဆွဲသုတ်လိုက်၏။ ငါးမျှားချိတ်၌ချိတ်မိ၍ ယက်ကန်ယက်ကန်ဖြင့် ရုန်းကန်နေသော ငါးရံ့၏ ဇက်ကို ကိုင်ဖမ်းလိုက်၏။ ပြီးတော့မှ ဇက်နှင့်ခေါင်းကို လက်တစ်ဖက်စီခွကိုင်ပြီး အားစိုက်၍ချိုးလိုက်ရာ ငါးရံ့မှာ ဇက်ကျိုး၍ ငြိမ်သက်သွားခဲ့လေသည်။

ချောင်းရိုးကြီး ကမ်းစပ်တစ်လျှောက်တွင် ချုံများတစ်ခုနှင့်တစ်ခု ဆက်ကာ ဆက်ကာရှိနေသည်။ အဆိုပါချုံများမှာ သဘာဝချုံများ မဟုတ်ပါ။ ချုံများအတွင်း နှစ်ခြိုက်စွာခိုအောင်းတတ်သည့် ငါးများ၏ ဗီဇကိုသိနေသော ကိုတံငါသည် သူ့ချုံများအတွင်း ငါးများလာရောက်ခိုအောင်းလာရန် ဖန်တီးပြုပြင်ထားခြင်းဖြစ်သည်။ အစာအဖြစ် ဖွဲနုများကို နေ့စဉ်ပက်ကြဲ၍ မက်လုံးပေးဆွဲဆောင်ထားပြန်ပါသည်။ ငါးအမြောက်အမြား ခိုအောင်းလာပြီဆိုလျှင်ဖြင့် ထိုချောင်းရိုးကိုပိတ်ဆို့၍ ဖမ်းဆီးပါတော့မည်။

## မက်လုံးအမျိုးမျိုး

ဤလောကတွင် ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို၊ အင်အားကြီးသူက အင်အားနည်းသူကို ထိုကဲ့သို့မက်လုံးအမျိုးမျိုးပေး၍ ကိုယ်ကျိုးစီးပွားအတွက် လိုသလို အသုံးချတတ်သည်မှာ ဓမ္မတာပင်။

လူအချင်းချင်းကြားမှာလည်း ဉာဏ်နီဉာဏ်နက်များသူတို့က ရိုးအသူများကို လိမ်လည်လှည့်ဖြားတတ်ကြသည်။ နိုင်ငံအချင်းချင်းကြားတွင်လည်း အင်အားကြီးနိုင်ငံက အင်အားနည်းနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးလေ့ရှိသည်။ သွေးခွဲမှုဖြင့် အိမ်ကြက်ချင်း အိုးမည်းသုတ်၍ ခွပ်ခိုင်းစေသည်။ မက်လုံးအမျိုးမျိုးပေး၍ ကိုယ့်ဩဇာခံများကို မွေးမြူတတ်ကြသည်။ ၁၈ ရာစု၊ ၁၉ ရာစု၊ ၂၀ ရာစု၊ ၂၁ ရာစု စသည်ဖြင့် ရာစုနှစ်များချီ၍သာ ပြောင်းလဲသွားပေမည်။ ထိုသို့သောလုပ်နည်းလုပ်ဟန်များကဖြင့် မပြောင်းလဲပါ။

သမိုင်းစဉ်တစ်လျှောက်ကြည့်လျှင် ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများ၏ မက်လုံးအမျိုးမျိုးကြောင့် နိုင်ငံငယ်လေးများမှာ ကျောကော့အောင်ခံခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဖက်ဆစ်ဂျပန်တို့သည် ၎င်းတို့၏ကုန်ကြမ်းရရှိရေး၊ စီးပွားရေးအလို့ငှာ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဒတ်ချ်ကိုလိုနီလက်အောက်ခံကျရောက်နေသော အရှေ့တောင်အာရှနိုင်ငံငယ်လေးများအား မက်လုံးအမျိုးမျိုးပေး၍ မြူဆွယ်ခဲ့သည်။ မြူဆွယ်သည့်မက်လုံးတစ်ခုက "အရှေ့အာရှ သာတူညီမျှကောင်းစားရေး" ကြွေးကြော်သံတည်း။

မြန်မာနိုင်ငံအတွက် မက်လုံးကတော့ "လွတ်လပ်ရေး"။ ဗြိတိသျှကိုလိုနီနယ်ချဲ့အောက် သူ့ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရသည့် မြန်မာတို့အဖို့ အင်မတန်မက်လောက်စရာ မက်လုံးဖြစ်ခဲ့သည်။ အမှန်တကယ်လည်း ဂျပန်တို့က ဗမာ့လွတ်မြောက်ရေးတပ်မတော်(BIA)နှင့်အတူ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ပြီးလျှင် မြန်မာတို့အတွက် လွတ်လပ်ရေးပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သို့ရာတွင် ဂျပန်သည် မြန်မာ့လွတ်လပ်ရေးကို စိတ်မဝင်စားပါ။ သူတို့စိတ်ဝင်စားသည်က တရုတ်တစ်ပြည်လုံးကို သိမ်းယူနိုင်ရေးအတွက် မြန်မာ-တရုတ်လမ်းမကြီးကို ပိတ်ပင်နိုင်ရေး၊ မြန်မာမှတစ်ဆင့် အိန္ဒိယကို ချီတက်သိမ်းပိုက်နိုင်ရေးမျှသာ ဖြစ်သည်။ ထို့ကြောင့် ဂျပန်တို့ပေးသောစစ်အတွင်းကာလ လွတ်လပ်ရေးမှာ ရွှေရည်စိမ်လွတ်လပ်ရေးမျှသာ ဖြစ်ခဲ့သည်။

ဖက်ဆစ်ဂျပန်၏သွေးစုပ်မှုမှာ နယ်ချဲ့အင်္ဂလိပ်၏ သွေးစုပ်မှုထက်လည်း အဆများစွာ ဆိုးရွားပြင်းထန်လေသည်။ အင်္ဂလိပ်က သစ်၊ ရေနံ၊ သတ္တုစသောလုပ်ငန်းကြီးများလောက်ကိုသာ သွေးစုပ်ခဲ့သော်လည်း ဂျပန်က ငါးပိ၊ ငါးခြောက်စသောလုပ်ငန်းငယ်ကလေးများမှအစ အောက်ခြေသိမ်းသွေးစုပ်လေတော့သည်။ ကျွဲ၊ နွားများကို သိမ်းယူသည်။ ဂျပန်ကုမ္ပဏီကြီးများက တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူများကို ထုတ်ပေး၍ မြန်မာတို့၏နှမ်း၊ မြေပဲ၊ ဝါဂွမ်းစသည်တို့ကို သိမ်းယူကြလေသည်။ ဂျပန်စစ်တပ်နှင့် ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်အဖွဲ့က မြန်မာပြည်သူများကို နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကြလေသည်။ မြန်မာတို့ကို ချွေးတပ်ဆွဲသည်။ မြန်မာအမျိုးသမီးများကိုလည်း ငွေ၊ ပစ္စည်းတို့ဖြင့် ဖြားယောင်းသွေးဆောင်၍လည်းကောင်း၊ အဓမ္မအနိုင်ကျင့်၍ လည်းကောင်း ဖျက်ဆီးကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အချို့ပုဂ္ဂိုလ်များယူဆသကဲ့သို့ ဂျပန်က မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပေးလိမ့်မည်ဟူ၍ ဘယ်သောအခါကမှ မယုံကြည်ခဲ့ပေ။ ထို့ကြောင့် ဘီအိုင်အေတပ်မတော်၏ သေနာပတိဗိုလ်တေဇအဖြစ် ထုတ်ဝေသော ကြေညာစာတမ်းတွင် "လွတ်လပ်ရေးမည်သည် သူများ၏ နို့သက်ခံစို့နေ၍မရနိုင်။ မိမိတို့အားကို မိမိတို့ကိုးပြီး မိမိတို့ဘာသာကြိုးပမ်းရမည်"ဟု စသဖြင့် ဖော်ပြထားခဲ့လေသည်။

## သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ

ဗြိတိသျှနယ်ချဲ့သမားနှင့် ဖက်ဆစ်ဂျပန်တို့၏ တူညီသောအချက်မှာမူ နယ်ချဲ့သမားများပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီကိုကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းကြား သွေးကွဲအောင် နည်းအမျိုးမျိုးဖြင့် ရန်တိုက်ပေးပြီး သွေးခွဲခဲ့ခြင်းဖြစ်ပေသည်။ မြန်မာ အပါအဝင် ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်စ ထွန်းသစ်စ နိုင်ငံငယ်ကလေးအများစုမှာ ပြည်တွင်းစစ်မီးလျှံများနှင့်ကြုံတွေ့ခဲ့ကြရလေသည်။ အိန္ဒိယအပါအဝင် အချို့နိုင်ငံများကတော့ နိုင်ငံတွေခွဲထွက်မှုကြောင့် ပဲ့ထွက်ကုန်ကြသည်။

အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့အားပြိုင်ခဲ့ကြသည့် စစ်အေးခေတ်ကာလတွင်မူ အမေရိကန်အပါအဝင် အနောက်နိုင်ငံများကိုင်စွဲလာသည့် မက်လုံးကတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး။ နှစ်ရှည်လများ ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုများကြားတွင်သာ နေထိုင်ခဲ့ရသောကြောင့် အပြောင်းအလဲကိုလိုလားလာကြသော ပြည်သူများအဖို့ကတော့ မက်လောက်စရာ မက်လုံးတစ်ခုပင်။

## ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ငါးစာ

အနောက်နိုင်ငံကြီးများ၏ ငါးမျှားချိတ်၌ ချိတ်ထားသည့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ငါးစာကို ဝုန်းခနဲနေအောင် ပထမဆုံးထိုးဟပ်လိုက်သည့် ငါးကလေးက မြန်မာနိုင်ငံငယ်လေးပင်။ ကျောင်းသားနှင့်အရပ်သား လက်ဖက်ရည်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွားရာမှ အစပြု၍ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးအထိ အရှိန်မြင့်တက်လာသည်။ တောင်းဆိုချက်များကလည်း ပြောင်းလဲသွားသည်။ ကျောင်းသားများ မူလတောင်းဆိုကြသည့် "ဖမ်းဆီးခံ ကျောင်းသားများ ပြန်လွှတ်ပေးရေး"၊ "ဖမ်းဆီးခံကျောင်းသားများ ပညာသင်ကြားခွင့်ပြန်လည်ရရှိရေး"စသည်ဖြင့် ကျောင်းသားအခွင့်အရေးဆိုင်ရာ တောင်းဆိုချက်များမှသည် လက်ဟောင်းနိုင်ငံရေးသမားကြီးများနှင့် အနောက်နိုင်ငံ သံတမန်များ၏ နှပ်ကြောင်းပေးမှုများနှင့်အတူ "ဒီမိုကရေစီရရှိရေး"တောင်းဆိုမှုဖြစ်လာသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ သမ္မတ ဒေါက်တာမောင်မောင်အစိုးရက "သုံးလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်" ဟူသော ကတိစကားဆိုပြန်တော့ အတိုက်အခံအင်အားစုများသည် "ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး"မက်လုံးဖြင့် လူထုကို မက်လုံးပေးဆွဲဆောင်ကြပြန်ပါသည်။ ဤသို့ဖြင့် မြန်မာ့နိုင်ငံရေး အကျပ်အတည်းသည် ဆယ်စုနှစ်များစွာရှည်ကြာခဲ့လေသည်။

မြန်မာပြီးတော့ တရုတ်ပြည် ထျန်းအန်းမင်အရေးအခင်း၊ ဘာလင်တံတိုင်းပြိုလဲမှု၊ ဂေါ်ဘာချော့ဗ်၏ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲမှု၊ ချောင်ဆက်စကူး၏ ရိုမေးနီးယား အပါအဝင် အရှေ့အုပ်စုတို့၏ ပြိုကွဲမှုများ။ ငါးမျှားချိတ်တွင် ချိတ်ဆွဲထားသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးငါးစာကို ငါးကြီးငါးသေးတွေက တစ်ကောင်ပြီး တစ်ကောင် အပြိုင်လိုက်ပြေးဟပ်မိကြလေပြီ။ ပြီးတော့ မထွေးနိုင် မအန်နိုင် ဖြစ်ကြရတော့၏။

**"အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့အားပြိုင်ခဲ့ကြသည့် စစ်အေးခေတ်ကာလတွင်မူ အမေရိကန်အပါအဝင် အနောက်နိုင်ငံများကိုင်စွဲလာသည့် မက်လုံးကတော့ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး။ နှစ်ရှည်လများ ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုများကြားတွင်သာ နေထိုင်ခဲ့ရသောကြောင့် အပြောင်းအလဲကို လိုလားလာကြသော ပြည်သူများအဖို့ကတော့ မက်လောက်စရာ မက်လုံးတစ်ခုပင်"**

စစ်အေးခေတ်အလွန်တွင်လည်း အမေရိကန်နှင့် အနောက်နိုင်ငံကြီးများသည် ပြိုင်ဘက်နိုင်ငံများနှင့် ၎င်းတို့အကျိုးစီးပွားအပေါ် ဆန့်ကျင်သည့်နိုင်ငံငယ်များအပေါ် စစ်အင်အားကို ကိုယ်စားပြုသည့် "ပါဝါအမာ" (hard power)နှင့် စီးပွားရေး၊ သံတမန်ရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ယဉ်ကျေးမှုဆိုင်ရာ ဩဇာသက်ရောက်မှု စသည့် မျက်နှာစာပေါင်းစုံကိုကိုယ်စားပြုသည့် "ပါဝါအပျော့" (soft power) တို့ကို ပေါင်းစပ်၍ စမတ်ပါဝါ (Smart power) အခင်းအကျင်းကိုကိုင်စွဲ၍ သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ဥပဒေနှင့်ယဉ်ကျေးမှုရေးရာ တန်ဆာပလာတို့ကို အတွဲအစပ်ညီစွာအသုံးချကာ ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ထိုးဖောက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြန်ပါသည်။

အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများအပေါ် ဖြစ်လေသည်။ ၉/၁၁ အကြမ်းဖက်မှုအလွန်တွင် အမေရိကန်နှင့် အနောက်နိုင်ငံများသည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို ပစ်မှတ်ထား၍ စစ်ပွဲဆင်နွှဲခဲ့သည်။

အာဖဂန်နစ္စတန်အတွက် မက်လုံးကတော့ တာလီဘန်တွေကိုဖြုတ်ချပြီး အာဖဂန်ပြည်သူ ၂၆ သန်းကျော်ကို ဆိုးရွားလှသည့် ဖိနှိပ်မှုအောက်က လွတ်မြောက်စေရန်ဖြစ်ပြီး အီရတ်နိုင်ငံပြည်သူများအတွက် မက်လုံးကတော့ ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ အီရတ်ပြည်သူတွေရဲ့လွတ်လပ်မှုနှင့် အကျိုးစီးပွားအတွက်ပါဟု အမေရိကန်ကဆိုသည်။ အာဖဂန်စစ်ပွဲ၏စစ်ဆင်ရေးစီမံချက်ကို Operation Enduring Freedom ဟု အမည်ပေးခဲ့ပြီး အီရတ်စစ်ပွဲကိုတော့ Operation Iraqi Freedom ဟု အမည်ပေးခဲ့သည်။

ယနေ့မျက်မှောက်ကာလမှာတော့ အမေရိကန်သည် အာဖဂန်ကို ကိုယ်လွတ်ရုန်း စွန့်ခွာထွက်သွားပြီး အာဖဂန်ပြည်သူတို့ကို တာလီဘန်တို့လက်ထဲတွင် ဝကွက်အပ်ခဲ့လေသည်။ ဆက်ဒမ်ဟူစိန်ခေတ်အလွန်တွင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးတို့ဖြင့် သာယာဝပြောလာမည့် အီရတ်နိုင်ငံသစ်ကိုမျှော်လင့်ခဲ့ကြသော အီရတ်ပြည်သူများအဖို့လည်း လက်တွေ့ပကတိဘဝတွင် ဖွတ်မရ ဓားမဆုံး ဖြစ်ခဲ့ကြရပြန်သည်။ ပြိုင်ဘက်စစ်အုပ်စုများ၏ တိုက်ပွဲများကြားတွင် နိုင်ငံသည် ထောင်းလမောင်းကြေခဲ့ပြီး အီရတ်ပြည်သူတို့သည်လည်း မြေစာပင်ဖြစ်ကာ ဒုက္ခပင်လယ်ဝေခဲ့ကြရလေသည်။

## အာရပ်နွေဦးတော်လှန်ရေး

ပြီးတော့ အာရပ်နွေဦး။ ၂၀၁၁ ခုနှစ်တွင် တူနီးရှားနိုင်ငံမှအစပြု ပေါ်ပေါက်လာသော အာဏာရှင်ဆန့်ကျင်ရေး လူထုအုံကြွပေါက်ကွဲမှုကြီးသည် အာရပ်ကမ္ဘာသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့ကူးစက်သွားသည်။ ကဒါဖီ၏လစ်ဗျား၊ ဘာရှာအယ်အာဆတ်၏ ဆီးရီးယားနိုင်ငံတို့တွင် ပြည်တွင်းစစ်များဖြစ်ပွားလာသည်။ အီဂျစ်နိုင်ငံတွင် သွေးထွက်သံယိုအရေးအခင်းများပေါ်ပေါက်ခဲ့ပြီး မူဘာရတ်အစိုးရ ပြုတ်ကျသွားသည်။ အမေရိကန်၏မဟာမိတ် အာရပ်နိုင်ငံများဖြစ်ကြသည့် ဆော်ဒီ၊ ဘာရိန်း၊ ကာတာ၊ ဂျော်ဒန်တို့ကမူအခြေအနေကို ထိန်းသိမ်းနိုင်ခဲ့၍ လှေက လူးရုံသာလူးပြီး မမှောက်ခဲ့ကြ။ ရာဇပလ္လင် လှုပ်ရုံသာလှုပ်ပြီး မပြုတ်ခဲ့ကြ။

လစ်ဗျားနှင့်ဆီးရီးယားပြည်သူများအဖို့မှာတော့ အာရပ် နွေဦးတော်လှန်ရေးသည် မှန်းချက်နှင့်နှမ်းထွက်မကိုက် ဖြစ်ကြရသည်။ သူတို့ မူလက လိုလားကြသည်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသမီးတို့၏အခြေခံလွတ်လပ်မှုနှင့် ရပိုင်ခွင့်များ။ လက်တွေ့ ရရှိခဲ့သည့်အရာများကတော့ ပါဝါလေဟာနယ်ကြားတွင် အာဏာကို လက်ဆုပ်လက်ကိုင် ဖမ်းဆုပ်အရယူကြမည့် ပြိုင်ဘက်ဂိုဏ်းခွဲအုပ်စုများ၏ တိုက်ပွဲများ။ ထိုမှ ပြည်တွင်းစစ်မီးလျှံကြီးသာ ရရှိခဲ့ကြလေသည်။

ပြိုင်ဘက်ဂိုဏ်းခွဲအုပ်စုများ၏ ပြည်တွင်းစစ်ကြောင့် ထိုနှစ်နိုင်ငံသည် ယနေ့တိုင် နာလန်မထူနိုင်သေး။ စစ်ဘေးဒဏ်ကြောင့် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရရှိခဲ့ကြသလို စစ်ဘေးဒုက္ခသည်များအဖြစ် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပြန်သည်။

*စာမျက်နှာ ၂၁ သို့*

# မြနန်းစံကျော်ရွှေနန်းတော်ကြီးအား အများပြည်သူများ လာရောက်လေ့လာနိုင်



မန္တလေး ဇန်နဝါရီ ၇

**မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ကြီးအား အများပြည်သူများ လာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ သိရသည်။**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ်လကုန်ပိုင်းမှ စတင်ကာ အများပြည်သူ ဝင်ရောက်လည်ပတ်ခွင့်ကို ပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်းနှင့် အများပြည်သူများ လာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်နှစ်ကျော်ကြာ ပိတ်ထားတဲ့ ရွှေနန်းတော်ကြီးကို ပြန်လည်ဖွင့်လှစ်နေပြီဆိုတာ လာရောက်လေ့လာမယ့် မိဘပြည်သူတွေကို သတင်းကောင်းပါးလိုပါတယ်။ ဝင်ကြေးအနေနဲ့ လူကြီး ငွေကျပ် ၂၀၀၊ ကလေးငွေကျပ် ၁၀၀ ကောက်ခံပြီး နံနက် ၇ နာရီခွဲကနေ ညနေ ၅ နာရီအထိ လာရောက် လည်ပတ်နိုင်ပါတယ်။ မြနန်းစံကျော်ရွှေနန်းတော်(ယာဗုံ) အပါအဝင် ကျောက်စာရုံ၊ အမြောက်ပြတိုက်၊ မင်းတုန်းမင်း ဂူဗိမာန်၊ ပုံစံငယ်ပြတိုက်၊ ဒင်္ဂါးသွန်းစက်ရုံများကို လာရောက်လေ့လာနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ညီလာခံသဘင်၊ ခန်းမဆောင်ကြီးများ၊ မှန်နန်းဆောင်၊ နန်းမြင့်မျှော်စင် အပါအဝင် အဆောင်ခန်းမ အဆောက်အအုံပေါင်း ၈၉ ခုကို ပြန်လည်တည်ဆောက်ထားကြောင်း သိရသည်။

မြနန်းစံကျော် ရွှေနန်းတော် ပရိဝုဏ်အတွင်း၌ အမြောက်ပြတိုက်ကို ရှေးဟောင်းအမွေအနှစ် သမိုင်းဝင် အမြောက်များအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း အများပြည်သူများ လေ့လာနိုင်စေရန် ရည်ရွယ်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြတိုက်အတွင်း ရှေးဟောင်းအမြောက်အလက် ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသထားရှိပြီး တပ်မတော်မှ ငွေကျပ်သိန်းပေါင်း ၃၅၀၀ ကျော် အကုန်ကျခံဆောက်လုပ် ထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲနေ့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ လာရောက် လည်ပတ်လိုပါက မန္တလေး၊ အောင်မြေသာစံမြို့နယ် ရှိနန်းမြို့တွင်းသို့ နန်းရှေ့ ၆၆ လမ်း၊ ၁၉ လမ်း၊ ဦးထိပ်တံတားပေါက်မှ ဝင်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၅၈ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၆၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၈၁၈၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၃၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၂၆၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၇၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၄၂၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော် နှစ်ပါး၊ ဒေသခံပြည်သူ ၅၈၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့နှင့် မိုင်းရယ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၂၈၇ ဦး၊ ရှမ်း ပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့၌ ကျောင်းသား ကျောင်းသူ လေးဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

ရာသီဥတုဖြစ်စဉ်များနှင့်အတူ ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သော ရေကြီးရေလျှံမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် အချို့ဒေသများတွင် ထူးခြားစွာ မိုးရေချိန်နည်းပါးခြင်း၊ ဆည်တမံများ ၌ ရေအဝင်နည်းခြင်း စသည့်အခြေအနေများကို ရင်ဆိုင်လာရသည်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ရေလှောင်တမံများတွင် သောက်သုံးရေ တစ်မျိုးတည်းသာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရေပေးဝေရန် မလုံလောက်မှုကြောင့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လာရသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်ကို သိသိသာသာခံစားနေရခြင်း၊ နိုင်ငံတစ်ဝန်းရှိ ရေဝေရေလဲဒေသများကို ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းတို့ကြောင့် ရေအရင်းအမြစ်များ ဆုံးရှုံးပြီး နွေရာသီကာလ မရောက်မီကပင် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ရေတွင်းရေကန်များ ခန်းခြောက်လာသည်။ ဆည်မြောင်း၊ တာတမံများလည်း ရေနည်းပါးခြင်းနှင့် ရင်ဆိုင်လာရသည်။ လူဦးရေ တိုးပွားလာမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးလာခြင်း၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များ အလျင်အမြန်လျော့ပါးမှုကို တွန်းအားပေးလျက်ရှိသည်။

သောက်သုံးရေကန်မှ ရေရယူသုံးစွဲပုံစနစ် မမှန်ကန်ခြင်း၊ သောက်သုံးရေကန် သန့်ရှင်းရေး သတိပေးချက်များကို မလိုက်နာခြင်း၊ သောက်သုံးရေကန် အနီးဝန်းကျင်၌ မိလ္လာ၊ အညစ်အကြေး နှင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်ပုံတို့ ရှိနေခြင်း ၊ သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းပြုပြင်မှုမရှိခြင်း၊ ရေတွင်းတူးရန် မြေနေရာရွေးချယ်မှု မမှန်ကန်ခြင်းတို့ ပါဝင်သည်။ သောက်သုံးရေတွင်းဖြစ်စေရန် အညစ်အကြေးစွန့်ပစ်သောနေရာ၌ ပေ ၅၀ ဝေးကွာပြီး မြင့်သောအပိုင်းတွင် ရှိရမည် ဖြစ်သည်။ ရေဝပ်ရေလျှံသော နေရာကိုလည်း လုံးဝ မရွေးချယ်မိရန် အရေးကြီးသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သောက်သုံးရေရှားပါးမှု ဖြည့်ဆည်းရေးအတွက် ၂၀၂၀- ၂၀၂၁ မှ ၂၀၃၀-၂၀၃၁ အထိ ၁၀နှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကို Pilot Project အဖြစ် အချက်အလက်များ ကွင်းဆင်းကောက်ယူရာ၌ မြေပြင်တွင် ကျေးရွာပေါင်း ၈၀ ထပ်တိုးသဖြင့် စုစုပေါင်းရွာ ၃၀၀ အထိ ရှိကြောင်း သိရသည်။ ကျေးလက်များတွင် သုံးရေအတွက် အဆင်ပြေမှုရှိသော်လည်း အဓိကလိုအပ်သည့် သောက်သုံးရေရှားပါးမှု ဖြည့်ဆည်းနိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ယခု စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကတည်းက ပြင်ဆင်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၃၁ ခုနှစ်တွင်တစ်နိုင်ငံလုံးရှိသောက်သုံးရေရှားပါးမှုကြုံတွေ့နေရသော ကျေးရွာများအားလုံးတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နေကြောင်း သိရသည်။

များမကြာမီ ပူပြင်းခြောက်သွေ့သော ရာသီရောက်ရှိလာမည်။ ရေသည် အသက်သွေးတမျှ အရေးကြီးသည်ကို မုချတွေ့ကြုံရပေမည်။ ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေသည်။ လူဦးရေတိုးတက်များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီးတည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ်လုံခြုံမှုရှိရေးသည်လည်း အရေးကြီးသည်။ အစိုးရအနေဖြင့် ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည့် အမျိုးသားရေသယံဇာတ ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို စနစ်တကျလုပ်ဆောင်ခြင်း၊ အများပြည်သူတို့ကလည်း ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျ အသုံးပြုခြင်းဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသင့်သည်။ ရေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

Emirates FA CUP

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ်တွေကို ရပ်နားထားကာ အက်ဖ်အေဖလားတတိယ အဆင့်ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းက လိဒ်စ်၊ နော့တင်ဟမ်ဖော်ရက်စ်က အာဆင်နယ်၊ မန်ယူက အက်စ်တွန်ဗီလာအသင်းတို့ တွေ့ဆုံနေတဲ့ပွဲစဉ်တွေပါဝင်တာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။



## တည်ငြိမ်မှုအားနည်းတဲ့ မန်ယူကို ဗီလာအနိုင်ယူနိုင်မလား

### နော့တင်ဟမ်ဖော့ရက်စ် VS အာဆင်နယ်

09-01-2022 | FA Cup | KO 23:40

နော့တင်ဟမ်က ဒီရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည် ကျစ်လျစ်မှု မရှိဘူး။ နောက်ဆုံးနှစ်ပွဲဆက်လည်း ရှုံးနိမ့်ထားတာတွေ့ရတယ်။ ပြိုင်ဘက် အာဆင်နယ်က နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းထက်မြက်နေတာ တွေ့ရတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းကောင်းမွန်ခဲ့တယ်။ ဒါပေမဲ့ အာဆင်နယ်က ဒီရာသီ ပရီမီယာလိဂ်မှာ ကစားခဲ့တဲ့ အဝေးကွင်း ၁၀ ပွဲမှာ ငါးပွဲအထိ ရှုံးနိမ့်ထားတယ်။ ခံစစ်အားပြုကစားရင် နော့တင်ဟမ် အရေးနိမ့်ဖွယ်ရှိတယ်။

### မန်ယူ VS အက်စ်တွန်ဗီလာ

11-01-2022 | FA Cup | KO 02:25

မန်ယူအသင်းအနေဖြင့် ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးနိမ့်မှုကို ဒီပွဲစဉ်မှာ ချေဖျက်ဖို့ကြိုးစားလာမှာ ဖြစ်သလို ဗီလာအသင်းကလည်း နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်ဖို့ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံး နိုင်ပွဲရရှိရေးကို ဦးတည်လာမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ မန်ယူအသင်းဟာ နည်းပြသစ် ရန်းနစ်ခ်လက်ထက် ခြောက်ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ထားတယ်ဆိုပေမယ့် ခြေစွမ်းက အားရစရာမရှိပါဘူး။ ဗီလာရဲ့ ရန်အားကို ကြည့်ရမယ်။

### ဝက်စ်ဟမ်း VS လိဒ်စ်

09-01-2022 | FA Cup | KO 20:30

ယခုပွဲစဉ်က ပရီမီယာလိဂ်ကလပ်အသင်းအချင်းချင်းတွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ လိဒ်စ်အသင်းက ဝက်စ်ဟမ်းအသင်းထက် တည်ငြိမ်မှုပိုင်း အားနည်းတယ်ဆိုပေမယ့် တိုက်စစ်အားပြုကစားရင် ဒီပွဲမှာ ရလဒ်ကောင်းရရှိနိုင်တယ်။

## ထရစ်ပီယာကို အပြီးသတ်ခေါ်ယူလိုက်သည့် ကာဆယ်

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ထရစ်ပီယာကို အပိုဆုကြေးနှင့်အတူ ပေါင် ၁၂ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်သည်။

အဆိုပါ ၃၁ နှစ်အရွယ် ခံစစ်ကစားသမား ထရစ်ပီယာသည် အသင်းပိုင်ရှင်သစ်လက်ထက်တွင် ပထမဆုံး ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သလို နည်းပြဟိုဝီလက်ထက်တွင်လည်း ပထမဆုံးခေါ်ယူသည့် ကစားသမား ဖြစ်လာခဲ့သည်။ နယူးကာဆယ်အသင်းသည် အဆိုပါ ခံစစ်ကစားသမားကို တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် နှစ်နှစ်ခွဲ စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး ရှစ်ပွဲသရေကျကာ ၁၀ ပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်း ဇုန်အတွင်း ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် အဆိုပါ ၁၉ ပွဲတွင် ပေးဂိုးက ၄၂ ဂိုးအထိရှိနေသည့်အတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရှိနေခြင်းလည်း ဖြစ်သည်။



■ မိုးဇက် - စုစည်းသည်



## အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန် ကိုဗစ်-၁၉ ကူးစက်

### ဂါဘွန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ် နှစ်ပွဲကို လွဲချော်ဖွယ်ရှိ

အူဘာမီယန်သည် ဒူဘိုင်းတွင် အသင်းဖော်များနှင့် ပါတီပွဲကျင်းပနေသည့် ဗီဒီယိုဖိုင်တစ်ခုထွက်ပေါ်လာပြီးနောက် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းအနေဖြင့် အာဖရိက နိုင်ငံများဖလား ယှဉ်ပြိုင်ကစားရန် ကင်မရွန်းသို့ ရောက်ရှိပြီး မကြာမီတွင် အဆိုပါသတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် အူဘာမီယန်သည် လက်ရှိတွင် သီးသန့်ခွဲခြားနေထိုင်နေရသည့်အတွက် ဂါဘွန် အသင်းနှင့် ဇန်နဝါရီ ၁၁ ရက်၊ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ကိုမိုရို့စ်၊ ဂါနာအသင်းတို့နှင့် ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေသည်။ အူဘာမီယန်သည် အာဆင်နယ်အသင်းမှ ချမှတ်ထားသော စည်းမျဉ်းချိုးဖောက်သည်ဟုဆိုကာ အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခံထားရပြီး ဒီဇင်ဘာ ၇ ရက် နောက်ပိုင်း အာဆင်နယ်အသင်း ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်များကို လွဲချော်ထားသူ ဖြစ်သည်။

ထို့အပြင် အူဘာမီယန်သည် နည်းပြ အာတီတာနှင့်လည်း ဆက်ဆံရေးကောင်းမွန်မှုမရှိသည့်အတွက် အာဆင်နယ်အသင်းအနေဖြင့် အဆိုပါ ကစားသမားကို ယခုလတွင် ရောင်းချသွားရန် ပြင်ဆင်နေခြင်း ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ တွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၅ ပွဲ ပါဝင်ကစားထားပြီး ခုနစ်ဂိုးသွင်းယူပေးထားသည်။

## အီတလီစီးရီးအေပွဲစဉ် (၂၀) တွင် ရိုးမားကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၀) အဖြစ် အေစီမီလန်အသင်းနှင့် ရိုးမားအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အေစီမီလန် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အေစီမီလန် အသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် အမှတ်ပေးဇယား ဦးဆောင်သူ အင်တာမီလန်အသင်းထက် တစ်ပွဲပိုကစားထားပြီး ရမှတ် ၄၅ မှတ်ဖြင့် ဒုတိယနေရာမှ ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဂျီရုဒ်က အေစီမီလန်အသင်းအတွက် သွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် မက်ဆီးယက်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ရိုးမားအသင်းအတွက် ချေပဂိုးကို မိနစ် ၄၀ တွင် အေဗရာဟမ်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အေစီမီလန်အသင်းက ဦးဆောင်နိုင်ခဲ့သည်။

ပွဲချိန် ၇၈ မိနစ်တွင် ရိုးမားအသင်းမှ ကာစ်ဒေါ့ပ် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ ပွဲချိန် ၈၂ မိနစ်တွင် အေစီမီလန်အသင်း တတိယဂိုးရရှိခဲ့ပြီး လီယိုက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် ရိုးမားအသင်းမှ မန်စီနီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက်တွင် အေစီမီလန်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူး အီဗရာဟီမိုဗစ် ကန်သွင်းအဆုံးသတ်ရာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

အခြားသောပွဲစဉ်တွင် ဂျူဗင်တပ်စ်နှင့် နာပိုလီတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။



## နောက်ဆုံးရအားကစားသတင်းတိုများ

- ဝက်စ်ဟမ်းအသင်းသည် ဖလာမင်ဂိုအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဂါဘရီရယ် ဘာဘိုဆာ (၂၅နှစ်) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာအထိ အငှားခေါ်ယူရန်ကမ်းလှမ်းမှု ပြုလုပ်လိုက်သည်။
- အာဆင်နယ်အသင်းသည် ဖီအိုရင်တီးနားအသင်းမှ အသက် ၂၁ နှစ်အရွယ် ဆားဘီးယားတိုက်စစ်ကစားသမား ဒူဆန် ဗလာဟိုဗစ်ကို ကစားသမားအပြင် ငွေသားအလိုက်ပေး ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်သည်။
- လီဗာပူးအသင်းသည် ပေါ်တိုအသင်းမှ ကိုလံဘီယာတောင်ပံကစားသမား လူးဝစ် ဒီယက်စ်ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။
- နယူးကာဆယ်အသင်းသည် ရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လောင်းစတပ်ဖ်ကို စာချုပ်သက်တမ်းတိုးရေး သဘောတူညီမှုရရှိရန် မျှော်လင့်နေသောကြောင့် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။
- ဒေါ့မွန်အသင်းသည် လာမည့်ရက်သတ္တအနည်းငယ်အတွင်း အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ဟာလန်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်သွားဖွယ်ရှိနေသည်။
- ဆော်ဒီအာရေဗျကလပ် အေအယ်ရှာဘတ်အသင်းသည် ကင်မရွန်းနိုင်ငံတွင် ကျင်းပသည့် အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲသို့ အသင်းမှ တိုက်စစ်ကစားသမား အီဂယ်လိုကို ထွက်ခွာခွင့်ပြုရန် ငြင်းဆန်လိုက်သည့်အတွက် နိုင်ဂျီးရီးယားအသင်း အနေဖြင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အီဂယ်လိုမပါဘဲ ကစားရတော့မည် ဖြစ်သည်။

## ဈေးဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေး၊ လားရှိုးကြီးဈေးနှင့် မန်ဆူဈေးရှိ အောက်ဖော်ပြပါ ဈေးဆိုင်ခန်းရှင်များမှ ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်-

၂။ အထက်ပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်း အမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မြို့မဈေး | ၂/၅၆ | ဒေါ်မာမာဝင်း | ၅/ကလတ(နိုင်)၀၅၇၄၇၄ | ရ.က(၅)န.မ(၉)လားရှိုးမြို့ | ဒေါ်သွယ်သွယ်ဦး | ၁၃/လရန(နိုင်)၀၈၅၁၀၈ | ရ.က(၃)န.မ(၂)လားရှိုးမြို့ |
| ၂ | မြို့မဈေး | ၂/၇၂ | ဦးစိုးဝင်း | ၁၃/လရန(နိုင်)၀၁၂၅၇၄ | ရ.က(၄)န.မ(၂) လားရှိုးမြို့ | ဒေါ်စိုးအိမွန် | ၁၃/လရန(နိုင်)၁၀၂၄၃၅ | ရ.က(၄)န.မ(၂)လားရှိုးမြို့ |
| ၃ | မြို့မဈေး | ၂/၂၃၁ | ဦးရန်ရှင်း(ခ)အောင်စိန် | ၁၃/လရန(နိုင်)၀၅၄၈၅၃ | ရ.က(၈)န.မ(၆) လားရှိုးမြို့ | Lyo Fu Lin | ၁၃/လရန(ပြု)၀၀၀၅၄၈ | ရ.က(၈)န.မ(၁၅)လားရှိုးမြို့ |
| ၄ | မြို့မဈေး | ၂/၂၉၄ | ဦးပေါ်စိန် + | ၁၃/လရန(နိုင်)၀၁၇၇၅၁ | ရ.က(၄)န.မ(၃) လားရှိုးမြို့ | ဦးစိုင်းရာဇာ | ၁၃/လရန(နိုင်)၁၀၆၂၇၅ | ရ.က(၄)န.မ(၃)လားရှိုးမြို့ |
| | | | (ဒေါ်အုန်းတင်) | ၁၃/လရန(နိုင်)၀၁၇၇၄၉ | | | | |
| ၅ | မြို့မဈေး | ၂/၃၀၅ + | ဦးပေါ်စိန် + | ၁၃/လရန(နိုင်)၀၁၇၇၅၁ | ရ.က(၄)န.မ(၃) လားရှိုးမြို့ | ဒေါ်သူဇာစိန် | ၁၃/လရန(နိုင်)၁၀၅၉၇၅ | ရ.က(၄) န.မ(၃)လားရှိုးမြို့ |
| | | ၃၀၆ | (ဒေါ်အုန်းတင်) | ၁၃/လရန(နိုင်)၀၁၇၇၄၉ | | | | |
| ၆ | မြို့မဈေး | ၂/၃၂၈ + ၃၃၇ | ဒေါ်အေးရွက် | ၁၃/လရန(နိုင်)၀၁၉၂၁၁ | ရ.က(၄)န.မ(၂) လားရှိုးမြို့ | ဒေါ်တင်တင်မြ | ၁၃/လရန(နိုင်)၀၁၂၅၇၄ | ရ.က(၄)န.မ(၂)လားရှိုးမြို့ |
| ၇ | မြို့မဈေး | ၃/၃၁၇ | ဒေါ်ကျင်မေ | LSO- 183037 | ရ.က(၅)န.မ(၁၂) လားရှိုးမြို့ | ဒေါ်ခေါန်မိုင် | ၁၃/လရန(နိုင်)၁၁၁၅၇ | ရ.က(၇)န.မ(၇)လားရှိုးမြို့ |
| ၈ | မြို့မဈေး | ၂(ပ)/၁၄၃ | ဦးရွက်ငင်း | ၁၃/လရန(နိုင်)၀၁၈၂၀၃ | ရ.က(၄)န.မ(၁) လားရှိုးမြို့ | ဒေါ်စိုးအိမွန် | ၁၃/လရန(နိုင်)၁၀၂၄၃၅ | ရ.က(၄)န.မ(၂)လားရှိုးမြို့ |
| ၉ | မြို့မဈေး | ၂(ပ)/၁၄၄ | ဒေါ်သီတာအောင် | ၁၃/လရန(နိုင်)၀၇၅၇၀၉ | ရ.က(၄)န.မ(၁) လားရှိုးမြို့ | ဒေါ်စိုးအိမွန် | ၁၃/လရန(နိုင်)၁၀၂၄၃၅ | ရ.က(၄)န.မ(၂)လားရှိုးမြို့ |
| ၁၀ | မြို့မဈေး | ၃(ပ)/၁၂၅ + | ဒေါ်ကောင်းမြင်ကျိန် | ၁၃/တယန(နိုင်)၀၁၈၃၅၅ | ရ.က(၇)န.မ(၃) လားရှိုးမြို့ | ဦးနေလင်းထွန်း | ၁၃/လရန(ဧည့်)၀၀၀၅၂၃ | ရ.က(၈)န.မ(၁၂)လားရှိုးမြို့ |
| | | ၁၂၆ | | | | | | |
| ၁၁ | မြို့မဈေး | ၃(ပ)/၁၄၁ + | ဦးဆန်းဗှာ | ၁၃/လရန(နိုင်)၀၈၃၃၆၄ | ရ.က(၁၂)န.မ(၁၈)လားရှိုးမြို့ | ဦးနေလင်းထွန်း | ၁၃/လရန(ဧည့်)၀၀၀၅၂၃ | ရ.က(၈)န.မ(၁၂)လားရှိုးမြို့ |
| | | ၁၄၄ | | | | | | |
| ၁၂ | မြို့မဈေး | က-၄/၄ | ဒေါ်ချစ်ရွှေ | ၁၃/လရန(နိုင်)၀၁၄၁၄၁ | ရ.က(၂)န.မ(၈)လားရှိုးမြို့ | ဦးဝင်းလှိုင် | ၁၃/လရန(နိုင်)၁၀၃၅၈၄ | ရ.က(၂)န.မ(၈)လားရှိုးမြို့ |
| ၁၃ | မြို့မဈေး | က-၄/၉၊ | ဦးသာဒင် | ၁၃/လရန(နိုင်)၀၁၄၁၄၀ | ရ.က(၂) န.မ(၈)လားရှိုးမြို့ | ဒေါ်နုနုအေး | ၁၃/လရန(နိုင်)၀၇၉၇၀၄ | ရ.က(၂)န.မ(၈)လားရှိုးမြို့ |
| | | ၁၀ | | | | | | |
| ၁၄ | မြို့မဈေး | ထ-၂/၁၂ | ဦးဝင်းနိုင်တိုး | ၈/ရနခ(နိုင်)၀၉၅၇၀၅ | ရ.က(၁)န.မ(၇)လားရှိုးမြို့ | ဦးဟန်ဝင်းအောင် | ၁၃/လရန(နိုင်)၁၉၈၃၁၅ | ရ.က(၄)န.မ(၁၄)လားရှိုးမြို့ |
| ၁၅ | မြို့မဈေး | ၁/၁၁ | ဒေါ်သီတာ | ၁၃/လရန(နိုင်)၀၆၂၁၈၁ | ရ.က(၁)န.မ(၄)လားရှိုးမြို့ | ဒေါ်အေးလင် | ၁၃/သပန(နိုင်) ၀၃၁၀၆၆ | ရ.က(၄)န.မ(၁၁)လားရှိုးမြို့ |
| ၁၆ | လားရှိုးကြီးဈေး | ၅/၄၅+၄၆ | ဒေါ်ချိန်ရှောက်ကျောက် | ၁၃/လရန(နိုင်)၀၅၇၆၇၃ | ရ.က(၁၂)န.မ(-)လားရှိုးမြို့ | ဒေါ်ချုံတီ | ၁၃/လရန(နိုင်) ၀၀၁၄၇၈ | ရ.က(၁၂)န.မ(-)လားရှိုးမြို့ |
| ၁၇ | လားရှိုးကြီးဈေး | ၅/၁၁ + ၃၄ | ဦးရန်ရှိလင် | ၁၃/လရန(နိုင်) ၀၅၉၅၄၇ | ရ.က(၁၂)န.မ(၇)လားရှိုးမြို့ | ဒေါ်ကြူရင်ရှင် | ၁၃/လရန(နိုင်)၀၈၈၉၉၂ | ရ.က(၁၂)န.မ(၇)လားရှိုးမြို့ |
| ၁၈ | လားရှိုးကြီးဈေး | ၃/၈ | ဒေါ်ကေသီလှိုင် | ၁၃/လရန(နိုင်)၂၂၇၂၄၅ | ရ.က(၁၂)န.မ(၃)လားရှိုးမြို့ | ဒေါ်နှင်းဖြူ | ၁၃/လရန(နိုင်)၁၈၈၈၄၆ | ရ.က(၁၂)န.မ(၇)လားရှိုးမြို့ |
| ၁၉ | လားရှိုးကြီးဈေး | ၄/၄၇ | ဒေါ်အဲခင် | ၁၃/လရန(နိုင်)၁၁၆၄၁၆ | ရ.က(၁၂)န.မ(၁၆)လားရှိုးမြို့ | ဒေါ်အေးသောင်း | ၁၃/ကခန(နိုင်) ၀၂၈၉၉၄ | ရ.က(၁၂)န.မ(၁၆)လားရှိုးမြို့ |
| ၂၀ | မန်ဆူဈေး | D/၆ | ဒေါ်မင်းမင်းမိုး | ၁၃/လရန(နိုင်)၀၁၃၇၈၂ | ရ.က(၂)န.မ(၇)လားရှိုးမြို့ | ဦးမျိုးကိုကို(ခ) | ၁၃/တမည(နိုင်)၀၀၇၀၆၆ | ရ.က(၈)န.မ(၅)လားရှိုးမြို့ |
| | | | | | | ကျိန်ပီချန် | | |

လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန

## တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် သံတွဲမြို့နယ်အတွင်း တရားမဝင် သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သံတွဲ - တောင်ကုတ် ကားလမ်းဘေးရှိ ရေစင်ကျေးရွာ လမ်းမပေါ်တွင် ယာဉ်အမှတ် YGN-1P/7980 ပေါ်တွင် တောင်သရက်ခွဲသားဆိုဒ်စုံ ၄ ဒသမ ၅၃၃၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၀၀၇၀ နှင့် ယာဉ်အမှတ် BGO-4I/5636 ပေါ်တွင် တောင်သရက်ခွဲသား ၃ ဒသမ ၅၅၄၀ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၃၁၀၀ စုစုပေါင်းသစ်ခွဲသား ၈ ဒသမ ၀၈၇၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၁၃၁၇၀ တို့ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များမှ သတင်းအရ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အတွင်းရှိ တရားမဝင် သစ်ထုတ်လုပ် ရောင်းဝယ်မှုများအား အဖွဲ့ငယ်များခွဲ၍ တစ်ပြိုင်တည်း ဝင်ရောက် စစ်ဆေးခဲ့ရာ တရားမဝင် ကျွန်းသစ် ၂၉ ဒသမ ၄ တန်၊ ပျဉ်းကတိုး ၉ ဒသမ ၅ တန်၊ သစ်မာ ၁၀ ဒသမ ၆ တန်နှင့် အခြားသစ် ၃၂ တန် စုစုပေါင်း သစ်မျိုးစုံ ၈၁ ဒသမ ၅ တန်နှင့် သစ်တင်ဆောင်သည့် မော်တော်ယာဉ်သုံးစီးကို ဖမ်းဆီးရမိခဲ့သည်။

သို့ပါ၍ ဇန်နဝါရီ ၆ ရက်တွင် သစ်ခွဲသား ၈ ဒသမ ၀၈၇၈ တန်နှင့် ဇန်နဝါရီ ၇ ရက်တွင် သစ်မျိုးစုံ ၈၁ ဒသမ ၅ တန် စုစုပေါင်း ဖမ်းဆီးရမိသစ် ၈၉ ဒသမ ၆ တန်နှင့် သစ်တင်ဆောင်သည့် မော်တော်ယာဉ်သုံးစီးကို သိမ်းဆည်းအမှုတွဲဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက် ရှိကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**



မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအုပ်စု နန့်ပုတ်ကျေးရွာအနီးတွင် ကျော်နိုင်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မဖြူ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၇ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာတွင် သိန်းမင်း (ခ) ငယ်လေးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာတွင် မဝါဝါ (ခ)မဝါ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း ထပ်မံ သိမ်းဆည်းရမိသည်။

ထို့ပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း၊ မိုင်တိုင်အမှတ်(၈၀/၄) အနီးတွင် ဇင်မိုးလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၈၀၀ ကို လည်းကောင်း၊ ထို့အတူ ဇန်နဝါရီ ၄ ရက် ညပိုင်းတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပုန်းထွန်ဝါးဆိပ်လမ်းဆုံတွင် အားဂါနှင့် မအေးအေးခိုင်တို့ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ် ရေနံစက်ကွက်)၊ မီးသတ်ကန်လမ်း၊ မြေကွက်အမှတ် (ခ/၄၀၂)ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၀၅၅ကေအကျယ်ရှိ ၄၄၇/V/၉၀-၉၁ အရ ဒေါ်ခင်သောင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်လင်းက အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေပုံ၊ မြေရာဇဝင်များ ရေးကူးခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်သက်တမ်းတိုးအမည်ပေါက် ပြောင်းလဲခြင်း စသည်ဖြင့် ဆက်လက်ဆောင်ရွက်လိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အဆိုပါကိစ္စများ ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊ ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၂)လမ်း၊ မြေကွက်အမှတ် (D-၁၆၆)ဟုခေါ်တွင်သော ဒေါ်ခင်မာချိုဦး အမည်ပေါက် မြေကွက်အနက် မြောက်ဘက်ခြမ်း အလျားxအနံပေ (၂၀x၆၀)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်တင်မို့မို့ခိုင် ၁၂/ဗဟန(နိုင်)၀၉၆၄၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုဝေဖြိုးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အဆိုပါကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊ ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ပုဗ္ဗသီရိရပ်၊ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဦးအောင်ကျော်ဦး ၉/ရမသ (နိုင်)၀၀၉၃၄၈ (ဘ)ဦးအောင်မြင့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် ပ-၂၂၁၅၀ ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်တင်ဌေးလှ ၉/ရမသ(နိုင်)၀၀၉၃၄၉ (ဘ)ဦးထွန်းလှမှ မှတ်ပုံတင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် လိုတရရွှေစံလှ ပေါက်စီနှင့်မုန့်လုပ်ငန်းဆိုင်တွင် ဖြစ်ပွားခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စနှင့်ပတ်သက်ပြီး ကလေးငယ်ခြောက်ဦးအား မိဘများထံ ပြန်လည်အပ်နှံ

**အိမ်မဲ ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၈၇) ရပ်ကွက် ကျန်စစ်သားလမ်းမကြီးပေါ်၌ရှိသည့် လိုတရရွှေစံလှပေါက်စီနှင့် မုန့်လုပ်ငန်းဆိုင်တွင် ဖြစ်ပွားခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကိစ္စနှင့်ပတ်သက်ပြီး ကလေးငယ်ခြောက်ဦးအား မိဘများထံ ပြန်လည်အပ်နှံခြင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်နော်သာဝါးနှင့် တာဝန်ရှိသူများက ပြန်လည်ရောက်ရှိလာသော ကလေးသူငယ်များအား မိဘများက ကောင်းမွန်စွာ စောင့်ရှောက်သွားရန်၊ နိုင်ငံတော်ကချမှတ်ထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ မူဝါဒများကို အလေးထားလိုက်နာရန်၊ ပြန်လည်ရောက်ရှိလာသော ကလေးသူငယ်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန်တို့ကို ပြန်လည်ရောက်ရှိလာသည့် ကလေးသူငယ်များ၊ အုပ်ထိန်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို မှာကြားသည်။

အဆိုပါ ကလေးသူငယ်များမှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကွန်တိုင်းကျေးရွာအုပ်စုမှ ကလေးသူငယ်ငါးဦး၊ ငပုတောမြို့နယ်မှ တစ်ဦး စုစုပေါင်း ခြောက်ဦးကို သက်ဆိုင်ရာ အုပ်ထိန်းသူများထံသို့ ဝန်ခံကတိများဖြင့် လက်မှတ်များ ရေးထိုးပြီး ပြန်လည်လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

## ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီး

ပြည်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘေးအန္တရာယ်ဟူသမျှ မကပ်မရောက် ကင်းစင်လွင့်ပျောက်ရန်နှင့် ဗုဒ္ဓသာသနာတော်၏ အဆီအနှစ်ဖြစ်သော (မဟာပဋ္ဌာန်း-အဘိဓမ္မာဒေသနာတော်ကြီး)နေလပမာ ဝင်းပထွန်းတောက် ကောင်းကျိုးရောက်စေရန် ရည်သန်၍ ဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများကြီးမှူး၍သံဃာတော်အရှင်သူမြတ်(၇၂)ပါးနှင့် မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ဤစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မြတ်စွယ်တော်တိုက်တွင် (၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်နေ့) (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ပြာသိုလပြည့်ကျော် ၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီအထိ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက် နံနက် ၆နာရီမှ ၁၉ ရက်နေ့ နံနက် ၆ နာရီအထိ (၃)ရက်နှင့် (၃) ညတိုင်တိုင် စဉ်ဆက်မပြတ် ရွတ်ဖတ်ပူဇော်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုနာယူကြပါရန် နှင့် ရွတ်ဖတ်ချီးမြှင့်တော်မူကြမည့် သံဃာတော် အရှင်သူမြတ်များအတွက် ဆွမ်း၊ ခဲဖွယ်-ဘောဇဉ် ဒါတဗ္ဗ ဝတ္ထုအစုစုတို့ကို လှူဒါန်းကုသိုလ် ပါဝင်တော်မူကြပါရန် လေးစားစွာ ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

သတိပြုရန်

ရင်ပြင်တော်ပေါ်နှင့် ဂေါပကအဖွဲ့ရုံးမှ မည်သည့်နေရာတွင်မျှ မဟာဆေးပဋ္ဌာန်းပွဲအတွက် အလှူခံမထားပါ

ဂေါပကအဖွဲ့
ပြည်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/2887,KIA Sportage S/W (4x4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝေ ၁၃/တကန(နိုင်)၁၉၃၉၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(သာသနာရေး) ရုံးအမှတ်(၃၁)၊ နေပြည်တော် လျှောက်လွှာ ပြင်ဆင်ခေါ်ယူခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(သာသနာရေး)တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးနှင့် အဆင့်တူ(လစာနှုန်း ကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး ၁၄ နေရာအတွက် ၂၂-၁၂-၂၀၂၁ရက် မြန်မာ့အလင်းသတင်းစာ၌ ကြော်ငြာ ခေါ်ယူထားပြီးဖြစ်ရာ လျှောက်ထားလိုသူများ၏ အသက်သတ်မှတ်ချက်အား ၃၁-၁၂-၂၀၂၁ရက်တွင် ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်နှင့် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၂)နှစ်ထက် မကြီးသူဖြစ်ရမည်ဟု ကြော်ငြာပြင်ဆင်ခေါ်ယူပါသည်။

### မွေးသက္ကရာဇ်အမှန်

ဦးမျိုးမြင့်အေး၏သမီး မြိတ်မြို့၊ မြိတ်တက္ကသိုလ်၊ ရူပဗေဒဌာနမှ သရုပ်ပြဝန်ထမ်း ဒေါ်ရွှေဇင် ၆/မမန(နိုင်)၁၇၉၅၃၃ ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၅-၂-၁၉၉၅ ဖြစ်ပါကြောင်း။

### နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိန္ဒိယသမ္မတနိုင်ငံ၏ ပဉ္စမအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ၁၀-၁-၂၀၂၂ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ် ဖွင့်တင်ဒါများကို ၂၁-၁-၂၀၂၂ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ရေး ရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၆၇-၄၀၉၄၀၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ် (၄၂)၊ နေပြည်တော်**

### ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ (၆)၊ မြခရေလမ်း၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၀-က/သီရိမင်္ဂလာ၊ ဦးပိုင်/ မြေကွက်အမှတ် (၂၆-က/၁၁) နေ ဒေါ်ဝါဝါနု ၉/မထလ(နိုင်)၀၉၀၅၀၉ ကိုင်ဆောင်သူမှ (အလျား ၅၀'-၀"xအနံ ၁၈'-၀") RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၀၉၃၂၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၁၀/ခဆန(နိုင်)၀၀၁၃၃၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၄၄၅၈၀၊ Honda Wave 100 Ncx, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထူးဝေယံ ၆/မမန(နိုင်)၁၆၂၈၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 14W/17702, Honda ND 125 M/C ယာဉ်လက်ဝယ်ရှိသူဦးထွန်းဝေ ၁၂/တကန(နိုင်)၀၇၅၀၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

### အမည်ပြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ဦးကျော်နိုင်ထွေး ၁/မမန(နိုင်)၀၄၂၆၇၃ ၏သား မောင်စိုင်းဘုန်းမြတ်အောင်အား မောင်စိုင်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

### မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာအုပ်စု၊ နောင်ပကပ်ကျေးရွာ၊ အမှတ် ၆၄နေ မဇာဇာနည်၏ မိဘ အမည်မှန်မှာ ဦးအားတွမ် ၁/ဝမန(နိုင်)၀၅၇၈၆၇ နှင့် ဒေါ်လိန်ကြီး ၁/ မကန(နိုင်)၀၈၇၆၈၅ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/5845, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူဦးသက်နိုင်ထွေး ၁၄/ပသန(နိုင်) ၁၈၇၂၃၈ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်)**

### အမည်ပြောင်း

ဦးကျော်ကျော်လင်း၏သမီးများဖြစ်သော ကျိုင်းတုံမြို့၊ အထက (၆)၊ Grade-10 မှ မမေလင်းအား မပေရယ်ပိုးဟု အမည်ပြောင်းလဲခေါ်ပါရန်နှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း၊ Grade-7 မှ မမီညာအား မကေရီခင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/2069, Honda Scoopyi ယာဉ်လက်ဝယ်ရှိသူ ဦးပေါက်ဟန် ၁၃/ကတန(နိုင်)၀၂၅၂၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1011, Honda Civic PD 3, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းကြည် ၁/ဝမန(နိုင်)၀၀၄၄၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း ပူဇာမင်္ဂလာ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၂ဖြင့် ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၃ရက် ၄-၁-၂၀၂၂ လွတ်လပ်ရေးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမ ပရိယတ္တိစာသင်တိုက် ၏ ဦးစီးပဓာန နာယက၊ လောကချမ်းသာ အဘယ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်(အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တတိလောကာ ဘိဝံသ အား-

" အဘိဓဇမဟာရဋ္ဌဂုရု"

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသဖြင့် လောကချမ်းသာအဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး ဘုရား)ဂေါပကအဖွဲ့က ဝမ်းသာအားရ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆရာတော်သခင် ကျေးဇူးရှင်ကို ရိုသေစွာ ဂါရဝထား၍ ရှိခိုးပူဇော်ပါ၏ ဘုရား

**လောကချမ်းသာအဘယလာဘမုနိ**
**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**
**ဂေါပကအဖွဲ့**
**အင်းစိန်မြို့နယ်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ ၀ဒသမ ၀၁၈ ဧကရှိ အရှေ့လားသော်-ညောင်ဝိုင်းအလယ်လမ်း၊ အနောက်လားသော် (၅၄^က)၊ တောင်လားသော်- နောက်ဖေးလမ်း၊ မြောက်လားသော် ၈ လမ်းရှိ မြေကွက်ကို ဒေါ်အေးအေးမူ၊ ဦးမြင့်ထွေးတို့မှ အမည်ပြောင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၄-၂-၂၀၂၂ ရက်မတိုင်မီ ပဲခူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ပဲခူးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)လက်ပံတောကျောင်း Grade-10မှ မိအိန္ဒြေသင်း၏ ဖခင်အမည်မှန်မှာ မင်းအောင်နိုင် ၃/ ကကရ(နိုင်)၂၄၀၈၁၅ ဖြစ်ပါကြောင်း။

**မင်းအောင်နိုင်**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ) လက်ပံတောကျောင်း Grade-6 မှ မင်းအာကာစွန်း၏ ဖခင်အမည်မှန်မှာ မင်းဇော်မင်းနိုင် ၁၀/ပမန(နိုင်)၁၀၉၅၀၁ ဖြစ်ပါကြောင်း။

**မင်းဇော်မင်းနိုင်**

### ပတ်စပို့ပျောက်

ကျွန်မ မဒီးနာ ၂/ဖရဆ(နိုင်)၀၁၉၅၄၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၉၆၄၉၉၅**

### ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီဝင်း ၁၃/တကန(နိုင်)၂၈၆၉၄၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၃၁၂၁၀**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1D/2557 Toyota ယာဉ်လက်ဝယ်ရှိသူ ဦးစံကြည် ၁၃/ပတယ(နိုင်) ၀၂၁၅၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 2H/6841၊ Toyota Kluger ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လင်း ၁၃/မရန(နိုင်)၀၁၈၃၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(လွိုင်လင်)**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မြို့မ-၂၊ ကွင်း/အကွက်နှင့်အမည်-၆၅၊ တံတားမဲရပ်၊ ဦးပိုင်အမှတ် (၂၆၇+၂၀၂/၂၀၁)၊ ဧရိယာ ၀ဒသမ၁၈၆ဧကရှိ ဂရန်အမှုတွဲအမှတ်(၆၈၀/၁၉၉၉)၊ ဦးလှဖေ ၁၃/တကန(နိုင်)၀၃၂၉၇၃ အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလှဖေ ဖုန်း-၀၉-၇၇၆၅၆၂၆၃၃၊ ၀၈၁-၂၀၂၀၄၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/2858, ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးနိုင် ၁၄/လပတ(နိုင်)၀၀၀၀၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်သင်းသင်းမော်(ခ)ဒေါ်တင်တင်မော် ၁၂/အစန(နိုင်)၁၄၉၂၆၂ (ဘ) ဦးအီဆဖာအင်(ခ)ဦးအောင်သိန်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၀၅၇)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၈၄၅/၂၀၂၁ (၈-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိုမိုအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀ (ဘ)ဦးမျိုးအောင်မှ ဦးစိုးမင်းသိန်း ၉/ရမသ(နိုင်)၀၀၁၉၉၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၂၅/cနေ ဦးအောင်ဇေယျ(ခ)အောင်အောင် (မိတ်ကပ်) ၁၂/သဃက(နိုင်)၁၄၅၄၉၃ သည် အောက်ဖော်ပြပါ ကုန် အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၅၂၁၄/၂၀၂၁)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၅၂၁၄/၂၀၂၁)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆံပင်ဖြောင့်ဆေး အမျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။ ၎င်းအပြင် အဆိုပါဆံပင်ဖြောင့်ဆေးအမျိုးမျိုးကို တစ်ဦးတည်း တရားဝင် ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန်အတွက် ကိုယ်စားလှယ်လွှဲစာလည်း ရရှိထားသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝ မပြု လုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူး ရောင်းချခဲ့ပါက ကျွန်ုပ်တို့ မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **LL.B, A.G.T.I (EP),D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၈၆၁)** | **(စဉ်-၃၇၉၈၁)** |

**အမှတ် ၁၃၂၊ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇ ၁၃၄**

### အပတိဋ္ဌ မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မိတ္ထီလာမြို့၊ ပြည်သာယာ(တောင်)ရပ်၊ ကံ့ကော်လမ်းသွယ်၊ အိမ်အမှတ် ၁၃၅ နေ ဦးတင်လင်း အောင် ၉/ မထလ(နိုင်)၂၅၀၃၀၆ နှင့် ဒေါ်ချောစု ၉/မထလ(နိုင်)၂၂၇၆၈၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ မွေးစားသမီး မယွန်းလဲ့ဝေ ၉/မထလ(နိုင်)၃၅၃၄၁၇ သည် ကျွန်ုပ်မိတ်ဆွေများ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ ကျွန်ုပ်မိတ်ဆွေများအား ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ် ပြုလုပ်ကာ သွန့်သတ္တသားသမီးကဲ့သို့ ရန်သူသဖွယ် ပြုမူဆက်ဆံနေပါသဖြင့် ယနေ့မှစ၍ ၎င်းအား အပတိဋ္ဌ မွေးစားသမီးအဖြစ်မှ စွန့် လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝတို့ကို ကျွန်ုပ်မိတ်ဆွေများမှ လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း မယွန်းလဲ့ဝေ ၉/မထလ(နိုင်)၃၅၃၄၁၇ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နန္ဒာကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၆၄) (၂၈-၂-၂၀၁၃)**
**ပြည်သာယာ(တောင်)ရပ်၊ မိတ္ထီလာမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်း(၈)၊ ဦးပိုင်အမှတ် (၂၈၂)၊ ဧရိယာ ၀ဒသမ၀၅၅ဧကအကျယ်အဝန်းရှိ မြေကွက်ကို ပဲခူးခရိုင်မြို့မြေမှုအမှတ် (၂၀၅/ငါး/၁၉၉၁-၉၂)အရ ဒုအရာခံဗိုလ်တင်ရွှေ အမည်ဖြင့်ရရှိထားသော မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မိတ္တူကူးယူခွင့်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိ ပါက ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဇာနည်စိုး**
**၇/ပခန(နိုင်)၃၅၀၁၉၉**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ၂၁/စံကောင်းရပ်၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ ၀ဒသမ ၁၄၇ ဧကရှိမြေကွက်အား ဒေါ်ရန်ကျင်ဟွေ့မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် (၁၇၃၊/၂၀၂၁)ဖြင့် ဦးကျော်မင်းဝင်းသို့ ရောင်းချထားပြီးဖြစ်၍ ဦးကျော်မင်းဝင်းမှ အမည်ပြောင်း/ထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘောလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆




**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း) ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-B)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၁၁/၃၆၈) အလျား ပေ ၄၀x အနံပေ ၆၀ ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြေအမည်ပေါက်ဖြစ်သူ ဦးထွန်းတင် (၃)(PKU-၀၇၆၈၅၅)အမည်ဖြင့်မှတ်သားတည်ရှိနေပြီး ၎င်းထံမှ လက်ဆင့်ကမ်းဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အမာတင် ၁၂/ကမရ(နိုင်)၀၃၅၁၇၂ နှင့် (ဦးထွန်းတင်)(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ကျင်သိန်း ၃/ကကရ(နိုင်)၀၁၅၆၃၉ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ကြည်ကြည်ညွန့် ၁၂/စခန(နိုင်)၀၅၀၇၁၀ တို့မှ လက်ရှိနေထိုင်အကျိုးခံစားလျက်ရှိသော ယင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်မမှလည်း အပြီးအပိုင် ဝယ်ယူရန် နှစ်ဦးသဘောတူညီကြသည့်အလျောက် ယင်းမြေကွက်အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကြေးအား ကျွန်မမှ မြေကွက်အရောင်းပိုင်ရှင်များ ဖြစ်ကြသော ဒေါ်အမာတင်နှင့် ဒေါ်ကြည်ကြည်ညွန့်တို့နှစ်ဦးထံသို့ ၃-၁-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ချုပ်ဆိုပြီး ပေးအပ်ခဲ့ရာ ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်တစ်စုံတစ်ရာရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်တစ်စုံတစ်ရာမရှိပါက ယင်းမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နန်းစောမြနန္ဒာဝေ**
**၁၃/လလန(နိုင်)၀၀၀၁၃၃**
**မြို့မတာဝါမြို့မရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၃၀၈၂၃၄၆၊ ၀၉-၄၄၃၀၆၃၇၅၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့် ၁၂/ကမရ(နိုင်)၀၄၈၀၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အမှတ်(၃၆၇)၊ ပထမထပ်နှင့် မြေညီ၊ စံပြ(၁)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၂ပေခွဲxပေ၅၀၊ တိုက်ခန်း(၂)ခန်းအား တစ်ဦးတည်း ပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်းရောင်းချထားခြင်း/ပေါင်နှံထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အဆိုပါတိုက်ခန်းများအား ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၄၅၄၁၁၉၈၃၉**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာအောင် ၁၂/သဃက(နိုင်)၀၂၉၅၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အမှတ် ၃၆၇၊ ဒုတိယထပ် B၊ စံပြ ၁ လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၂ ပေခွဲx ပေ ၅၀ တိုက်ခန်း (ခြေရင်းခန်း)အား ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၄၅၄၁၁၉၈၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကုက္ကိုတန်းရပ်၊ န-ကျားထူးကျေးရွာ၊ ကွင်းအမှတ်(၄၇၀-က)တွင် ကျွန်ုပ် ဦးဝင်းဇော်ဦး ၈/နမန(နိုင်)၁၀၆၅၅၂မှ အောက်ဖော်ပြပါအမည်တံဆိပ်(၃)မျိုး

(၁) AKM
(၂) TWINS
(၃) သန့်

အနက်မှ သင့်လျော်သော အမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးဝင်းဇော်ဦးထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ viber ဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမပြုလုပ်ပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်အား ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်ဦး**
**၈/နမန(နိုင်)၁၀၆၅၅၂**
**ဖုန်း-၀၉-၄၄၀၂၂၃၅၀၅၊**
**၀၉-၇၇၅၁၈၉၇၇၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးမောင်ဖေ ၁၂/ကမရ(နိုင်)၀၀၉၄၅၉ (ဘ)ဦးခင်မောင်တုတ် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၃၁၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၇၄/၂၀၂၁ (၅-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းမြင့်ထွန်း ၈/တတက(နိုင်) ၀၉၂၇၀၂ (ဘ) ဦးကျော်လေးမှ ဦးဝင်းထက်မော် ၉/ပမန(နိုင်)၁၄၄၈၇၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်းနေ (ဘ) ဦးဂျလာ၏ သား ဦးသန်းလှိုင် ၁၀/ကမရ(နိုင်)၀၇၄၂၀၂၊ (ဘ) ဦးဂျနားလဒင်၏ သမီး ဒေါ်မီမီစိုး ၁၀/မလမ(နိုင်)၂၄၉၃၃၆တို့မှ ကြေညာသည်မှာ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ်(၁၁၃)၊ ဧရိယာ ၀ ဒသမ ၀၄၅၈ဧက၊ ဦးပိုင်အမှတ်(၁၁၄)၊ ဧရိယာ ၀ ဒသမ ၀၄၃ဧကရှိ နှစ်ချင်းဆက်မြေကွက်သည် မြေစာရင်း ဦးပိုင်(၁-က) မှတ်ပုံတင်စာရင်းအရ ဒေါ်ပေါ်လင်းရာဂျား (ခ) ပူရာနွန်ဂျာ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ၎င်းထံမှ ကျွန်တော်/ကျွန်မတို့သည် တရားဝင်စာချုပ်မှတ်ပုံတင်အမှတ် (၁၆၄/၂၀၂၁)အရ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ယခုအခါ မူလအမည်မှ ကျွန်တော်/ကျွန်မတို့အမည်သို့ ပြောင်းလဲပေးပါရန် သက်ဆိုင်ရာ မော်လမြိုင်မြို့၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၌အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်တော်/ကျွန်မတို့ထံသော်လည်းကောင်း၊ သက်ဆိုင်ရာရုံးဌာန အသီးသီးတို့၌ လည်းကောင်း ယခုကြေညာသည့်ရက်မှစ၍ (၁)လအတောအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကန့်ကွက်ကြေညာသူ**
**ဦးသန်းလှိုင်၊ ဒေါ်မီမီစိုး**

## ကန့်ကွက်နိုင်ပါကြောင်း

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းရှိ Time Square အိမ်ရာ၊ တိုက်အမှတ်(C2)၊ အခန်းအမှတ် (A-908)အခန်း အမည်ပေါက် ဒေါ်အေးအေးမြင့် ၁၂/ကမရ(နိုင်)၀၂၇၆၅၃ ထံမှ ပြန်လည်ဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် ဦးကျူကောင်းလွယ် ၁၂/လမတ(ပြု)၀၀၀၁၃၁ နှင့် ဒေါ်အိအိခိုင် ၁၄/ဝခမ(နိုင်)၁၃၀၈၉၄တို့က လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်၊ ရတနာပုံလမ်း၊ ကွင်း/အကွက်အမှတ်(၂၈/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ် ၁၉၈/က၊ ဧရိယာ ၀ ဒသမ ၁၀၃ဧကရှိ မြေကွက်အား လက်ရှိနေထိုင်အသုံးပြုလျက်ရှိသည့် ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးကျင်ဟောက်ကမ်း ၄/တတန(နိုင်)၀၁၅၆၇၂၊ ဦးထောင်းစွမ်းတွောင် ၅/ကလထ(နိုင်)၁၇၉၉၀၀တို့မှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရန် လျှောက်ထားရယူမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်၊ နယ်မြေ(၄၉/ခ)၊ ကလေးမြို့၊**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်အမှတ်(ဥ-၅၁၅) ဦးခင်မောင်မြင့် (ဘ) ဦးကျော်ထွန်း ၉/ပမန(နိုင်)၂၀၀၈၈၈ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဇော်မိုးဦး(ဘ)ဦးသိန်းရွှေ ၆/မမန(နိုင်) ၀၉၀၄၂၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးအေးဝင်း ၈/ငဖန(နိုင်)၀၂၈၃၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသင်းသင်းအေး ၈/ငဖန(နိုင်) ၀၃၅၉၂၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီတာ ၈/ငဖန (နိုင်) ၀၂၄၀၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမာမာခိုင် ၈/မသန (နိုင်) ၁၅၆၀၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမိုးမိုးခိုင် ၈/ငဖန (နိုင်) ၀၂၈၃၃၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရွှေဇင်အိ ၈/တတက (နိုင်) ၂၈၀၄၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးသီတာကျော် ၈/တတက(နိုင်) ၂၄၉၇၁၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန်းအောင် ၈/အလန(နိုင်)၂၁၈၆၅၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးငြိမ်းလင်း ၈/မသန(နိုင်)၁၄၉၇၃၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနွယ်နွယ်စိုး ၈/မဘန (နိုင်) ၁၅၄၉၉၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/1392 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်၊ သူရိယလမ်း၊ ကွင်း/အကွက်အမှတ်(၂၈/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ် ၁၁၃၊ ဧရိယာ ၀ ဒသမ ၀၉၄ဧကရှိ မြေကွက်အား လက်ရှိနေထိုင်အသုံးပြုလျက်ရှိသည့် ကျွန်ုပ်မိတ်ဆွေ ဦးခမ်လျံခိုင် ၅/ကလထ(နိုင်)၀၁၉၆၀၅မှ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထား ရယူမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းများစသည့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်၊ နယ်မြေ(၄၉/ခ)၊ ကလေးမြို့၊**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9727 ISUZU NKR8 Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးပြည့်ဖြိုးအောင် ၈/မလန(နိုင်)၀၇၃၈၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၈၇၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးညိမ်းအောင်၁၀/ကမရ(နိုင်)၀၄၅၁၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၇၁၃၂ လက်ဝယ်ရှိသူ ဦးသက်ပိုင်ထွေး ၁၀/သထန(နိုင်)၂၉၄၁၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၂၈၀၃ လက်ဝယ်ရှိသူ ဦးကျော်စိုးသူ ၁၀/မလမ(နိုင်)၁၇၄၉၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၂၈၁၅၂ လက်ဝယ်ရှိသူ ဦးကျော်ကျော်ထိုက် ၁၀/သဖရ(နိုင်)၀၈၁၈၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၇၆၅၈ လက်ဝယ်ရှိသူ ဒေါ်စိန်ရင် ၁၀/ကမရ(နိုင်) ၀၀၁၆၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၃၄၀၄ လက်ဝယ်ရှိသူ ဦးမင်းစိန်လှိုင် ၁၀/ခဆန(နိုင်) ၁၅၁၇၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4340 Honda Fit CE6 S/W (4 x 2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ခိုင်မြင့် ၁၂/သကတ(နိုင်)၀၃၀၁၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/19801 Honda click 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၉/မရမ(နိုင်) ၀၀၁၃၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ ရွှေပြားရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ လမ်းမတော်အကွက်၊ ဦးပိုင်အမှတ်(၁၄၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ ဒေါ်မအုံးစံ အမည်ပေါက် ဘိုးဘပိုင်(B)မြို့မြေပေါ်တွင် ဦးလှထွန်းအောင်နှင့် ဇနီး ဒေါ်အေးစိန်တို့က လွန်ခဲ့သော (၇၁)နှစ်ကပင် ဦးလှထွန်းအောင် အမည်ဖြင့် နေအိမ်ဆောက်လုပ်ကာ စည်ပင်ခွန်များပေးဆောင်ပြီး လက်ရှိနေထိုင်လာခဲ့ကြပါသည်။

ဦးလှထွန်းအောင်နှင့် ဒေါ်အေးစိန်တို့ ကွယ်လွန်ပြီးနောက် ကျန်ရစ်သူ သားသမီးတို့က အဆိုပါ ဘိုးဘပိုင်မြေအား မူလအမည်ပေါက်သူ ဒေါ်မအုံးစံထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်မပြီးစီးမီ မြေပိုင်ရှင်မှာ ကွယ်လွန်သွားခဲ့ပါသည်။

ယခုအခါ ဦးလှထွန်းအောင်နှင့် ဒေါ်အေးစိန်တို့၏ သားသမီးများဖြစ်သော (၁) ဒေါ်မြခင်၊ (၂)ဒေါ်လှဝင်း၊ (၃) ဦးကျော်လှ၊ (၄) ဒေါ်စိန်စိန်အေးတို့က အဆိုပါ ဘိုးဘပိုင်အိမ်ရာမြေနှင့် နေအိမ်အား လွှဲပြောင်းရောင်းချမည်ဖြစ်ပါ၍ သက်ဆိုင်ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဝင်းပါ (၄)ဦး**
**၈/မထန(နိုင်)၀၅၂၂၀၂**
**စက်ရုံလမ်း၊ ရွှေပြားရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၂၁၇၁၃၅၂၇၊ ၀၉-၂၅၆၁၄၄၇၃၂**

## အမည်မှန်

ဦးရဲထွဋ်၏သမီး ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ အထက (သနပ်ပင်) စတုတ္ထတန်း(က)မှ မဆုနှင်းထက်၏ အမည်မှန်မှာ မစုနှင်းထက် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရွှေဘိုမြို့၊ D ပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်ဖုန်းမြင့်မိုရ်၏ မိဘအမည်မှန်မှာ (ဦးအောင်ဇော်ဝင်း)-ဒေါ်ဇာညိမ်းဝင်း ၅/ရဘန(နိုင်)၁၅၆၅၅၆ ဖြစ်ပါကြောင်း။

## အမည်မှန်

ခန္တီးမြို့၊ အထက(ခန္တီး) အဌမတန်းမှ မောင်ရှိုင်းတည်တန့်နိုင်၏အမည်မှန်မှာ မောင်ရှိုင်းတည်သန့်နိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလှဝင်း ၅/ကနန(နိုင်)၀၃၉၈၄၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9891 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၂၂၄၆, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးစောရှလိုမို ၁၄/ပသန(နိုင်)၁၁၅၂၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/5483 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၇၄၀၉၃,Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးထူးအောင် ၇/ပမန(နိုင်)၁၆၄၂၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်းအိမ်အမှတ် (၅၄)နေ ဒေါ်ဝင်းမာအေးက ဧရာဝတီတိုင်း ဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၆)ရပ်ကွက်၊ မဟာဗန္ဓုလ(၁)လမ်း၊ ကွင်း/အမှတ်နှင့် အမည်(၉/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၇၈)၊ မြေဧရိယာ ၀ဒသမ ၀၆၃ ဧကရှိမြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန် (သက်တမ်းတိုး/အမည် ပြောင်း)လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၅)ရပ်ကွက်၊ မဟာဗန္ဓုလမ်း၊ အိမ်အမှတ် (၅၀)နေ ဦးလှိုင်ဦး-ဒေါ်အေးအေးမော်က ကွင်း/အမှတ်နှင့် အမည် (၉/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၁၇၅/၁၉၈)၊ မြေဧရိယာ ၀ဒသမ၀၂၈ဧကရှိမြေအား လူနေထိုင်ရန်အတွက် မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ကန့်ကွက်ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက် အတွင်း မော်လမြိုင်ကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရေဖြူမြို့နယ်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂

| | | |
|---|---|---|
| ဦးသန်းအောင် | နှင့် | ၁။ ဦးမောင်ကျော် |
| | | ၂။ ဒေါ်မြရင် |
| | | ၃။ ဒေါ်တင်လှ |
| | | ၄။ မောင်အောင်မျိုးသူ |
| **တရားလို** | | **တရားပြိုင်များ** |

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ တလိုင်းယာကျေးရွာနေ မောင်အောင်မျိုးသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးသန်းအောင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရရှိလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိမြတ်ချယ်)**
**မြို့နယ်တရားသူကြီး**
**ရေဖြူမြို့နယ်တရားရုံး**

## အများပြည်သူသိရှိစေရန် အသိပေးကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလုံရပ်ကွက်၊ မုန်တိုင်နယ်မြေတွင် နေထိုင်သူ ဦးဝင်းမြင့်ဦး(ဘ)ဦးသောင်းလှိုင် ၅/မရန(နိုင်)၀၈၀၃၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမြင့်ဦးသည် ဇနီးဖြစ်သူ ဒေါ်ခင်ဌေးဦးနှင့်အတူ မုံရွာမြို့၊ အလုံရပ်ကွက် အရှေ့လားသော်- ဘုရားဝင်း၊ ဦးညွှန့်ဝင်း၏ဝင်းမြေ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-မြို့မရပ်စုံကျောင်း၊ မြောက်လားသော်- ဦးကြွက်၊ ဦးစံတို့၏ဝင်းမြေများ ၎င်းနယ်လေးရပ်အတွင်းနေထိုင်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလုံဘိုးတော်ကြီးညီလာခံအနောက်ခန်းကို ၁၃၄၆ ခုနှစ်ကစ၍ ရိုးရာနတ်နန်းထိမ်းအဖြစ် စောင့်ရှောက်လုပ်ကိုင်ခဲ့ကြပါသည်။ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ဇနီးဖြစ်သူ ဒေါ်ခင်ဌေးဦး ကွယ်လွန်သွားသည့်အခါ ဦးဝင်းမြင့်ဦးက နန်းထိမ်းအဖြစ် တစ်ဦးတည်းဆက်လက်စောင့်ရှောက်လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်လာစဉ် (၁)ထပ်နံကပ်၊ သွပ်မိုးအဆောက်အအုံတစ်လုံး၊ ယာဉ်အမှတ်-4J/3596 Hijet မော်တော်ကားတစ်စီး၊ ယာဉ်အမှတ် -6M/1499 Nissan Much မော်တော်ကားတစ်စီးနှင့် အိမ်ထောင်ပရိဘောဂများတို့ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ရက်တွင် သမီးဖြစ်သူ ဒေါ်ဖြိုးဖြိုးအိ ၅/မရန(နိုင်)၁၅၈၁၀၃အား ရိုးရာနန်းထိမ်းအဖြစ်လွှဲအပ်၍ ဦးဝင်းမြင့်ဦးက ဦးစီးလုပ်ကိုင်ခဲ့ပါသည်။

ယခုအခါ သမီးဖြစ်သူ ဒေါ်ဖြိုးဖြိုးအိနှင့် ခင်ပွန်းဖြစ်သူ ဦးကျော်စွာထွန်းတို့က အသက်အန္တရာယ်ခြိမ်းခြောက်ကြိမ်းဝါး လုပ်ကိုင်လာမှုများကြောင့် စိုးရိမ်ကြောက်လန့်ပြီး ဦးဝင်းမြင့်ဦးသည် အခြားတစ်နေရာသို့ ရှောင်တိမ်းနေထိုင်နေရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နေအိမ်အဆောက်အအုံ၊ ဝင်းမြေနှင့် မော်တော်ကား (၂)စီး၊ အိမ်ထောင်ပရိဘောဂပစ္စည်းများသည် ဦးဝင်းမြင့်ဦး တစ်ဦးတည်းပိုင်ပစ္စည်းများဖြစ်ပြီး မည်သူမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ လက်ခံ ခြင်းတို့မပြုလုပ်ပါရန်၊ မိသားစုအမွေအနှစ်မှတ်တမ်းများကို ဖျက်ဆီးခြင်း မပြုလုပ်ရန် အလုံဘိုးတော်ကြီးညီလာခံအနောက်ခန်း နန်းထိမ်းတာဝန်ကို ဒေါ်ဖြိုးဖြိုးအိအား လွှဲအပ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်းနှင့် တားမြစ်ချက်အား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးသက် (LL.B.Advocate)** | **ဦးညွှန့်လင်း (LL.B, Advocate)** |
| **တရားလွှတ်တော်ရှေ့နေ (၈၂၁၅)** | **တရားလွှတ်တော်ရှေ့နေ (၇၀၅၀)** |
| **မှတ်ပုံတင်နေ့စွဲ (၁၀-၅-၂၀၀၂)** | **မှတ်ပုံတင်နေ့စွဲ (၂၇-၉-၂၀၀၃)** |
| **ဘူတာလမ်း၊ ဘူတာအနီး** | **ဘူတာလမ်း၊ ဘူတာအနီး** |
| **ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့** | **ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့** |
| **ဖုန်း-၀၉-၇၉၁၁၉၉၂၂၈** | **ဖုန်း-၀၉-၂၁၃၀၄၀၆** |

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်ကွက်၊ ကျန်စစ်သားလမ်းနေ ဦးအုန်းရွှေ(ခ)ဦးဗလကြီးနှင့် ဒေါ်သီတာဝင်းတို့၏(သမီး) မမေနှစ်ဆန်း ၉/ပဘန(နိုင်)၂၅၉၉၈၉ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ ထင်ရာဆိုင်း၍ မိဘ၏ဂုဏ်သိက္ခာထိခိုက်အောင် ပြုမူလုပ်ဆောင်နေပြီး မိဘစိတ်ဆင်းရဲအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့မှစ၍ သားသမီးစာရင်းမှ ပယ် ဖျက်ပြီး အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စမှ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ဥမ္မာစိုး (စဉ်-၄၈၈၇၉)**
**(အထက်တန်းရှေ့နေ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သောင်ကြား လမ်း၊ အမှတ် ၂၃၂ ဟု ခေါ်သော အလျား (၄၀' x အနံ ၆၀')ရှိ ခြံမြေနှင့် ၎င်းခြံမြေပေါ်တွင် ပါဝင်သည့် သီးပင်၊ စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးဝင်းမြိုင် ၁၄/ငပတ(နိုင်)၀၁၅၉၆၆ မှ မိမိသာ တရားဝင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အထက်ပါ အိမ်ခြံမြေအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်တော် ဦးမောင်မောင်မြင့် ၁၂/ဗဟန(နိုင်) ၀၄၄၉၃၇ မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့်**
**ဖုန်း-၀၉-၆၉၀၉၀၈၅၆၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၄၀၂၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ကမ်ရှင်တိကျိန် အမည်ပေါက် ပါမစ်မြေကွက်ကို အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်စန်းရည်(ဘ)ဦးထွန်းကြည် ၉/တကန(နိုင်)၀၀၅၇၃၇ မှ မြေပေးမိန့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ် လွှဲစာရရှိသူ၏ မှတ်ပုံတင်ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ကမ်ရှင်တိကျိန်(ဘ)ဦးဖွန်ဇာဆင့် ၁၄/ပသန(နိုင်)၀၀၅၈၈၆ အမည်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၁၂၁ᶜ)၊ ဧရိယာ ၀ဒသမ၀၇၆ဧကရှိ ဒေါ်ခင်မေသစ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၁၅၈/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာအောင် ၁၀/ကထန(နိုင်)၀၂၈၅၅၃မှ ဘိုးဘပိုင်မြေအမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၅၇/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် (၄၆/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ဇင်မင်းဦး ၉/ပမန(နိုင်)၁၅၈၈၇၃နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

အင်းစိန်မြို့နယ်၊ အောင်ဇေယျလမ်းနေ ဒေါ်ကျော့စိန်၏သား ဦးတင်မောင်ထွန်း ၁၂/မရက(နိုင်)၁၄၂၇၅၅နှင့် ဦးမောင်မောင်၏သမီး ဒေါ်အေးအေးထွန်း ၁၂/အစန(နိုင်)၁၉၀၈၇၃တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၃-၁-၂၀၂၂ရက်တွင် အသိသက်သေများရှေ့မှောက်၌ အစ္စလာမ်တရားတော်နှင့်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထွန်း**
**၁၂/အစန(နိုင်)၁၉၀၈၇၃**

## အများသိစေရန်အသိပေးကြေညာခြင်း

မြောင်းမြမြို့၊ အမှတ် (၇)ရပ်ကွက်၊ ၄-လမ်းမကြီး၊ အိမ်အမှတ် (၁၃၃)တွင်နေထိုင်သူ ဦးထွန်းမြင့် (ဘ)ဦးချစ်ထွန်း ၁၄/မမန(နိုင်) ၀၂၁၆၄၅ ကိုင်ဆောင်သူက အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော် ဦးထွန်းမြင့်ထံမှ ဦးသက်နိုင်ဦးသည် မော်တော်ယာဉ်အမှတ် 1E/9932 TOYOTA BELTA SCP92 (အဖြူရောင်)ကားကို လချုပ်စနစ်ဖြင့် ငှားရမ်း၍အသုံးပြုထားခြင်းဖြစ်ပါသည်။ ယင်းကားအား ငှားရမ်းထားမှုသည် သတ်မှတ်ကာလထက် အချိန်များစွာ ကျော်လွန်နေပြီးဖြစ်သော်လည်း ဦးသက်နိုင်ဦးသည် ယင်းကားကို ကျွန်တော့်ထံသို့ ပြန်လည်အပ်နှံမှုမရှိသေးပါ။ ထို့အပြင် ယနေ့ထိတိုင်လည်း ကျွန်တော်နှင့် ဦးသက်နိုင်ဦးတို့သည် တစ်စုံတစ်ရာ အဆက်အသွယ်မရဘဲ ကျွန်တော်ပိုင်ကားမှာ ပျောက်ဆုံးလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်ပိုင် ယင်းကားအား လက်ဝယ်ထားရှိသူများအနေဖြင့် ကျွန်တော့်ထံသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားဆောင်ရွက်ပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။ **ဦးထွန်းမြင့် ဖုန်း-၀၉-၇၆၈၁၆၂၆၃၆**
**(မော်တော်ယာဉ်ပိုင်ရှင်)**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၆၃၉၆)၊ ဧရိယာ ၀ ဒသမ ၁၆၃ ဧက၊ အကျယ်အဝန်း (၈၉X ၈၀)ပေရှိ မြေကွက်အား နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ Original Group Co.,Ltd အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ တစ်ဆင့် အဆင့်ဆင့်စာချုပ်များဖြင့် ချုပ်ဆိုဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ က ၃-၁-၂၀၂၂ရက်တွင် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ(LL.B)**
**တရားလွှတ်တော် ရှေ့နေ(စဉ်-၁၃၈၈၉)**
**အမှတ် ၇၂၃၂၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိ ရပ်ကွက်**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉- ၇၉၉၁၂၃၁၀၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/သီရိရတနာ)၊ မြေကွက်အမှတ် (၂၁၀)၊ ဧရိယာ ၀ဒသမ၄၄၇ဧကရှိ ဒေါ်ဒါလီစိန်ဝင်း အမည်ပေါက်မြေကွက်အား ဦးအေးကျော် (အမှုဆောင်အရာရှိချုပ်)၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ဒက္ခိဏခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် (၈၉)နှင့် ဆက်နွှယ်သည့် ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ် (၁၈)၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းချခြင်း အတည်ဖြစ်စေသည့် အမိန့်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာမူရင်းများတင်ပြပြီး ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်အမည်ဖြင့် မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဟိုင်းကြီးကျွန်းမြို့၊ အထက အဏ္ဏဝါ သတ္တမတန်းတွင် ပညာသင်ကြားနေသော မကြယ်စင်ဝင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထိုက် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ အထက(၂)မြို့မ Grade- 10၊ အခန်း(B)မှ မနီလာဝင်း၏ဖခင် ဦးဦးသန်းမိုး ၁၁/ရသတ(နိုင်)၀၅၆၀၀၂ ၏ အမည်မှန်မှာ မောင်ဦးဝင်းလှိုင် ဖြစ်ပါကြောင်း။

**မောင်ဦးဝင်းလှိုင်**

## မိခင်အမည်မှန်

မင်းပြားမြို့နယ်၊ အထက(ခွဲ) ကျောက်မော် သူငယ်တန်းမှ မအေးမြတ်ဝေနှင့် သတ္တမတန်းမှ မအေးမြငြိမ်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်မအေးညွှန့် ၁၁/မပန(နိုင်)၁၇၂၉၄၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးဦးသန်းနိုင် ၁၁/ရသတ(နိုင်)၁၂၅၁၂၇ ၏သား ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ အထက(၁) Grade-11 အခန်း(E)မှ မောင်မျိုးဆန်းဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၂၇-၁၀-၂၀၀၃ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မကွေးခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၀၆

| | | |
|---|---|---|
| ဒေါ်နုရီ | နှင့် | ၁။ ဦးရဲသူဌေး |
| | | ၂။ ဒေါ်အိသူသူကျော် |
| | | ၃။ ဦးခင်မောင်ဇော် |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးမြို့၊ ကန်သာရပ်ကွက်၊ ၁၄လမ်း၊ အမှတ် (စီ-၄၃၄)နေ (၁)တရားပြိုင် ဦးရဲသူဌေးနှင့် (၂) တရားပြိုင် ဒေါ်အိသူသူကျော် (ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက (8D/9979)Light Truck ကား(သို့မဟုတ်)ကား၏ ကာလတန်ဖိုးငွေ ကျပ် (၁၅၀၀၀၀၀၀)နှင့် ကားငှားရမ်းခ(၃၃)လအတွက် ငွေကျပ် (၁၁၅၅၀၀၀၀)တို့၏ နှစ်ရပ်ပေါင်းငွေကျပ် (၂၆၅၅၀၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက် အမှတ် ၅၅၅၊ ရွှေဥဒေါင်း လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ အကျယ်အဝန်း (အလျား ၄၅ပေX အနံ ပေ၆၀)၊ ဧရိယာ ၀ဒသမ ၀၆၂ ဧက၊ ၂၇၀၀ စတုရန်းပေရှိသည့် အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (အလျား ပေ ၃၀ X အနံ ပေ၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဂရန်အမည်ပေါက်၏ သားသမီးများဖြစ်သော ဦးမောင်မောင်လေး HTYA-၀၆၈၈၄၆ အပါအဝင် ဦးတင်ရွှေ၊ ဒေါ်လှလှမေ၊ ဒေါ်ခင်မာရွှေ၊ ဒေါ်ခင်မာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဦးလှရွှေတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး** | **ဒေါ်တင်မိုးနိုင်** |
| **LL.B(စဉ်-၁၀၅၇၇)** | **LL.B(စဉ်-၄၂၁၆၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၁၂၁၂/ခ၊ တိုးချဲ့ ၂လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉- ၇၉၅၃၈၆၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်ရှိ မြေကွက်အမှတ် (၁၉၀၊ ၁၉၁) မြေအကျယ်အဝန်းပေ (၄၀x၆၀)၊ နှစ်ကွက်တွဲမြေအကျယ် (၈၀x၆၀)ရှိ ဒေါ်စိုးစိုး ၁၄/မမန(နိုင်)၁၆၁၂၈၂ထံမှ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် တရားဝင်ရောင်းချခွင့်ရှိသူ ဦးဝင်းမောင် TGKN ၀၄၁၁၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွဲ့ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၂၆)**
**၁၃၄/မီးဒုံး (၃)လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၈၃၄၃၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ် က/၃၄၊ တိုက်အမှတ် (၉)၊ မြေအကျယ်ပေ (၂၅x ၅၀)ရှိမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်RC အဆောက်အအုံမှ (ပထမထပ်/ညာ) B-2 အကျယ်ပေ(၁၁ x ၅၀)ရှိ ရေမီးစုံ တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးအောင်မြတ်ကျော် (ဘ) ဦးမောင်လှ ၁၂/ဒပန(နိုင်)၀၄၅၈၁၄ က တရားဝင် ပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိသော တိုက်ခန်းနှင့် ပတ်သက်၍ မိမိတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်စန်းစန်းယု (ဘ)ဦးကျော်စိန် ၁၂/ဒပန(နိုင်)၀၃၁၃၅၆ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသက်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B, D.B.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)**
**အမှတ် ၃၇၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၅၉၇၉၁၂၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဦးရွှေကြိမ်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်းနှင့် အဖွဲ့ဝင်များ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

## အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ ၁၂ ဦး ထပ်မံတွေ့ရှိ

### SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၇ - ၁ - ၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိခဲ့မှုအား ၂၈-၁၂-၂၀၂၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၂၂)ခုအား ၇-၁-၂၀၂၂ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို

*စာမျက်နှာ ၁၈ ကော်လံ ၁* ■

### ဇန်နဝါရီ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၇၇ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၄ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၂၆ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့် နိုင်ငံ/ဒေသပေါင်း | ၁၄၄ |

*ယနေ့ သ တင်း အ ညွှန်း*

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေ များအတွင်း၌ သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်** ပြည်တွင်းသတင်း စာ - ၁၄

. . . . . . . . . . . . . . . . . . . . . . . . .

**ကယားပြည်နယ် ဖရူဆိုမြို့နယ်… ဟော့ပုံလောင်း - ကောက်ကောက်ဒေသရှိ အကြမ်းဖက်အဖွဲ့များ သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူတိုက်ခိုက်ခဲ့သည့် ကျားပါးစပ်ကြီးစခန်းအား တပ်မတော်က အချိန်ပိုင်းအတွင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်** ပြည်တွင်းသတင်း စာ - ၁၈

## ၂၀၂၂ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ပထမမှ တတိယရရှိသည့် သုံးသင်း၊ အာရှဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၂၂ ခုနှစ် ဧပြီလတွင် ကျင်းပမည့် ၂၀၂၂ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သုံးသင်းမှာ ယခုနှစ်အတွင်း ကျင်းပမည့် ၂၀၂၂ အာရှဖလား ဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၂၀၂၂ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ကူဝိတ်နိုင်ငံတွင် စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ကူဝိတ်အသင်း၊ ခြေစစ်ပွဲအောင် ၁၅ သင်း စုစုပေါင်း ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာရှဖလား ဖူဆယ်ပြိုင်ပွဲတွင် အာဆီယံဇုန်မှ သုံးသင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ဇုန်အလိုက် ခြေစစ်ပွဲများကျင်းပမည်ဖြစ်ကာ ဇုန်လေးခုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအတွက်

*စာမျက်နှာ ၁၈ ကော်လံ ၄* ●